# ကျွန်ုပ်တို့၏
# မြေယာများကို သိမ်းပိုက်ထားခြင်း



ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တောင်ပိုင်း
ပအိုဝ်းနယ်တို့၌ မြေယာသိမ်းယူမှုများ

# ကျွန်ုပ်တို့၏
# မြေယာများကို သိမ်းပိုက်ထားခြင်း

**ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်နှင့်**

**ရှမ်းပြည်နယ်တောင်ပိုင်း ပအိုဝ်းနယ်တို့၌ မြေယာသိမ်းယူမှုများ**

ရခိုင်ပြည်လုံးဆိုင်ရာ ကျောင်းသားနှင့် လူငယ်များ အစည်းအရုံး (AASYC)
ပအိုဝ်းလူငယ် အစည်းအရုံး (PYO)
တိုးတက်သောမွန်လူငယ်အစည်းအရုံး (MYPO)
တို့မှ အစီရင်ခံ တင်ပြသည်။

# ကျွန်ုပ်တို့၏
# မြေယာများကို သိမ်းပိုက်ထားခြင်း

## ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်နှင့်
## ရှမ်းပြည်နယ်တောင်ပိုင်း ပအိုဝ်းနယ်တို့၌ မြေယာသိမ်းယူမှုများ

၂၀၀၉ ခုနှစ်၊ မတ်လ

အုပ်ရေ။ ။ ၅၀၀

**အောက်ပါအဖွဲ့အစည်းများမှ ထုတ်ဝေဖြန့်ချိသည်။**

**ရခိုင်ပြည်လုံးဆိုင်ရာ ကျောင်းသားနှင့် လူငယ်များ အစည်းအရုံး (AASYC)**
P. O Box -135
Maesot, Tak Province 63110
Thailand
E-mail: aasyc.ghq@gmail.com
Phone: +66 (0) 55 506 618

**ပအိုဝ်းလူငယ် အစည်းအရုံး (PYO)**
P. O Box -134
Maesot, Tak Province 63110
Thailand
E-mail: pyohq@yahoo.com
Phone: +66 (0) 55 533 115

**တိုးတက်သော မွန်လူငယ် အစည်းအရုံး (MYPO)**
P. O Box -26
Sankhlaburi, Kanchanaburi Province 71240
Thailand
E-mail: mypo_office@yahoo.com,
Phone: +66 (0) 34 595 614

# မာတိကာ


| | |
|---|---|
| **အစီရင်ခံစာရေးသားသူများအကြောင်း** | |
| **၁။ နိဒါန်း** | (၁) |
| **၂။ တင်ပြပုံနည်းစနစ်** | (၁) |
| **၃။ အစီရင်ခံစာ အကျဉ်းချုပ်** | (၂) |
| ၃။ ၁။ မြန်မာနိုင်ငံ၏ နောက်ခံသမိုင်းအကျဉ်း | (၂) |
| ၃။ ၂။ လေ့လာခဲ့သောနယ်မြေများ၏ နောက်ခံသမိုင်း | (၄) |
| **၄။ မြန်မာနိုင်ငံအနှံ့အပြားမှာ စစ်တပ်များ တိုးချဲ့ချထားခြင်း** | (၇) |
| ၄။ ၁။ စစ်တပ်များအနှံ့အပြား တိုးချဲ့ချထားခြင်းနှင့် တိုက်ရိုက် အကျိုးဆက်များ | (၇) |
| ၄။ ၂။ စစ်တပ်များချထားခြင်းနှင့် မြေသိမ်းခြင်း | (၁၁) |
| ၄။ ၃။ စစ်တပ်များချထားခြင်းနှင့် လူ့အခွင့်အရေးချိုးဖေါက်မှုများ | (၁၆) |
| ၄။ ၃။ ၁။ အတင်းအဓမ္မ လုပ်အားစေခိုင်းခြင်း | (၁၇) |
| ၄။ ၃။ ၂။ မြန်မာဇာတ်သွင်းခြင်း | (၂၀) |
| ၄။ ၃။ ၃။ လိင်မှုဆိုင်ရာ ရမ်းကားမှုများနှင့် မုဒိမ်းမှုများ | (၂၀) |
| ၄။ ၃။ ၄။ စစ်တပ်ထဲသို့အတင်းအကျပ်ဆွဲသွင်းခြင်း | (၂၂) |
| **၅။ မြေသိမ်းခြင်း** | (၂၃) |
| ၅။ ၁။ စားကျက်မြေများကို သိမ်းခြင်း | (၂၃) |
| ၅။ ၂။ အိမ်နီးချင်းတိုင်းပြည်များသို့ ပြောင်းရွှေ့သွားကြခြင်း | (၂၄) |
| ၅။ ၃။ သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှု | (၂၆) |
| ၅။ ၄။ ဒေသဆိုင်ရာလုပ်ငန်းများ ချုပ်ချယ်ကန့်သတ်ခံရခြင်းနှင့် အသက်မွေးဝမ်းကျောင်း လုပ်ငန်းများဆုံးရှုံးခြင်း | (၂၈) |
| **၆။ မြန်မာ့မြေယာဥပဒေနှင့် နိုင်ငံတကာဥပဒေ** | (၃၀) |
| **၇။ မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးရေးစီမံကိန်းများ** | (၃၂) |
| **၈။ လေ့လာတွေ့ရှိရသော လက်တွေ့ဖြစ်ရပ်များ** | (၃၅) |
| **၉။ နိဂုံး** | (၄၃) |
| **၁၀။ အကြံပြုတင်ပြချက်များ** | (၄၃) |
| **၁၁။ အဖွဲ့အစည်းများ၏ နောက်ခံအကြောင်း (AASYC/ PYO/ MYPO)** | (၄၅) |

# ကျေးဇူးတင်လွှာ

ပထမဦးစွာ ဤအစီရင်ခံစာကို ပူးတွဲရေးသားကြသည့် အဖွဲ့အစည်းများဖြစ်သော ရခိုင်ပြည်လုံးဆိုင်ရာ ကျောင်းသားနှင့် လူငယ်များ အစည်းအရုံး (AASYC) ၊ တိုးတက်သောမွန်လူငယ် စည်းအရုံး (MYPO) နှင့် ပအိုဝ်းလူငယ်အစည်းအရုံး (PYO) တို့အနေနှင့် ငွေကြေးအကူအညီပေးခဲ့သော (Voluntary Service Overseas_VSO) နှင့် ကွင်းဆင်းစစ်တမ်းကောက်သူများအား ကျေးဇူးတင်ရှိကြောင်းဖော်ပြလိုပါသည်။ ဤအဖွဲ့အစည်းနှင့် ပုဂ္ဂိုလ်တို့၏အကူအညီ၊ အားတက်သရောကြိုးပမ်းမှုတို့သာ မပါရှိပါက ဤအစီရင်ခံစာ ပေါ်ထွက်လာနိုင်လိမ့်မည် မဟုတ်ချေ။ ဒုတိယအနေနှင့် ဤအစီရင်ခံစာ ရေးသားမှုကို ကြီးကြပ်ပေးခြင်းအတွက် (MYPO) နှင့် (PYO) တို့က (AASYC) ကို ကျေးဇူးတင်ရှိကြောင်း ဖော်ပြလိုပါသည်။ တတိယအနေနှင့် စေတနာ့ဝန်ထမ်း ကူညီသူများဖြစ်ကြသော ဒမီယင် ဆမီး (Damien Smee)၊ မက်သယူး ဆမီး (Matthew Smee)၊ ကယ်လီ စကဲရိုး (Kelly Scarrow)၊ ပမ်းဂရင်း (Pam Green) တို့အား အထူးကျေးဇူးတင်ရှိပါ၏။ သူတို့၏တန်ဘိုးရှိသော ဝိုင်းဝန်းကြိုးပမ်းမှုများသည် ဤအစီရင်ခံစာဖြစ်မြောက်ရေးအတွက် အရင်းခံအကြောင်း တစ်ရပ်ဖြစ်ပါသည်။ ထို့ပြင် ဤအစီရင်ခံစာ ပုံနှိပ်ထုတ်ဝေရာ၌ စာစောင်ပုံစံနှင့် အဆင်အပြင်အတွက် တာဝန်ယူပေးကြသော (AASYC) အစည်းအရုံးဝင်များ၏ ကျေးဇူးပြုမှုကိုလည်း အထူးဖော်ပြအပ်ပါသည်။

# အစီရင်ခံစာရေးသားသူများအကြောင်း

ရခိုင်ပြည်လုံးဆိုင်ရာကျောင်းသားနှင့် လူငယ်များ အစည်းအရုံး (AASYC)၊ တိုးတက်သော မွန်လူငယ် အစည်းအရုံး (MYPO)နှင့် ပအိုဝ်းလူငယ်အစည်းအရုံး (PYO) တို့သည် မြန်မာနိုင်ငံ ကျောင်းသားနှင့် လူငယ်များကွန်ဂရက် (Students & Youth Congress of Burma - SYCB) တွင် ပါဝင်သော အဖွဲ့အစည်းများဖြစ်ကြပြီး ဒီမိုကရေစီရရှိရေး၊ လူ့အခွင့်အရေးရရှိရေး၊ စစ်မှန်သော ဖက်ဒရယ်ပြည်ထောင်စုမြန်မာနိုင်ငံတော် တည်ဆောက်ရေးအတွက် ဆောင်ရွက်နေကြပါသည်။ ဤအဖွဲ့အစည်းများသည် မြန်မာနိုင်ငံမှာ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးပြောင်းလဲမှုများဖြစ်ပေါ်ရေး ရည်မှန်းချက်ဖြင့် လူမျိုးစု ပြည်သူများအကြားမှာ ယုံကြည်မှုနှင့် အပြန်အလှန် နားလည်မှု တည်ဆောက်ရေးလုပ်ငန်းကို ဆောင်ရွက်နေကြပါသည်။ အနာဂတ်မြန်မာနိုင်ငံမှာ လုပ်ငန်းကျွမ်းကျင်မှု အရည်အချင်းပြည့်ဝသော လူငယ်အဖွဲ့အစည်းများရှိလာစေရေးအတွက် မိမိတို့၏ အဖွဲ့ဝင်များကို ပညာရေးနှင့် လုပ်ငန်းကျွမ်းကျင်မှုဆိုင်ရာ သင်တန်းများဖြင့် စွမ်းရည်တည်ဆောက်ပေးခြင်း တို့အား ဆောင်ရွက်နေပါသည်။ ထို့အပြင် မတူကွဲပြားသည့် တိုင်းရင်းသားလူမျိုးစုများအကြား တရားမျှတမှုနှင့် တန်းတူညီမျှရေးကိုအခြေခံသည့် ဒီမိုကရေစီ လူ့အဖွဲ့အစည်းတစ်ရပ် ပေါ်ထွန်းလာစေရေးအတွက် ကြိုးပမ်း ဆောင်ရွက်နေကြပါသည်။  ဤအဖွဲ့ အစည်းအသီးသီး၏ အသေးစိတ်အချက်အလက်များကို သိရှိနိုင်ရန် စာမျက်နှာ (၄၅) နှင့် (၄၆) သို့ ကြည့်ပါ။

# ၁။ နိဒါန်း

ဤအစီရင်ခံစာသည် မြန်မာနိုင်ငံရှိ ပြည်သူများ အထူးသဖြင့် လူမျိုးစုအမျိုးသားများ ကြုံတွေ့နေကြရသော ပြဿနာများကို စာဖတ်ပရိသတ်ကြီး ဂရုမူမိစေရန်အတွက် ရေးသားပြုစုထားခြင်းဖြစ်ပါသည်။ ပြင်ပရှိ စောင့်ကြည့်လေ့လာသူများအဖို့မူ မြန်မာနိုင်ငံ၏ ပြဿနာများကို ရှုမြင်ကြရာ၌ တိုင်းပြည်၏ ဒီမိုကရေစီ နည်းကျရွေးကောက်ခံထားရသော ခေါင်းဆောင်ဖြစ်သူ နိုဘဲလ်ငြိမ်းချမ်းရေးဆုရှင် ဒေါ်အောင်ဆန်းစုကြည်နှင့် အခြားသော ရွေးချယ်ခံနိုင်ငံရေးခေါင်းဆောင်အများအပြား ထိန်းသိမ်းထားခံနေရခြင်းတည်းဟူသော ဘောင်ထဲ မှာသာရှိနေပါသည်။ သို့ရာတွင် ကျွန်ုပ်တို့ တင်ပြမည့်မှာ ဤပြဿနာသည် ပြည်သူတို့၏ ဒီမိုကရေစီရရှိရေး မျှော်လင့်ချက်အတွက် အဟန့်အတားဖြစ်စေသော လူ့အခွင့်အရေးချိုးဖေါက်မှု အများအပြားထဲက တစ်ခု မျှသာဖြစ်ပါသည်။

ဤအစီရင်ခံစာသည် မြန်မာနိုင်ငံ၏ နယ်မြေ (၃) ခု (ရခိုင်ပြည်နယ်၊ မွန်ပြည်နယ် နှင့် ရှမ်းပြည်နယ် တောင်ပိုင်းရှိ ပအိုဝ်းနယ်မြေ) ကို အထူးပြုတင်ပြထားပါသည်။ အကြောင်းမှာ ဘတ်ဂျက်ငွေကြေးနှင့် အချိန်အကန့်အသတ် တို့ကြောင့်တစ်ကြောင်း၊ စစ်အစိုးရလက်အောက်မှာ နှိပ်စက်ညှဉ်းပမ်းခံနေရသော ဤဒေသများရှိ ပြည်သူတို့ အနေနှင့် သတင်းဌာနများ၏ အာရုံစိုက်မှုကို ကောင်းစွာမရရှိခဲ့သောကြောင့် တစ်ကြောင်း ယခုကဲ့သို့ တင်ပြရခြင်း ဖြစ်ပါသည်။

*မှတ်ချက်–မြန်မာကျပ်ငွေနှင့် အမေရိကန်ဒေါ်လာတို့၏ တရားဝင်လဲလှယ်နှုန်း (အမေရိကန် ၁ ဒေါ်လာ – ၆. ၅ကျပ်)၊ မှောင်ခိုဈေးကွက် လဲလှယ်နှုန်း (အမေရိကန် ၁ ဒေါ်လာ ၁, ၃၅၀ ကျပ် ပတ်ဝန်းကျင်)တို့အကြားတွင် အလွန်အမင်း ကွာဟနေမှုကြောင့် ဤအစီရင်ခံစာတွင် ငွေကြေးများကို နှိုင်းယှဉ်ပြရာ၌ (အမေရိကန် ၁ ဒေါ်လာ – ၁, ၃၅၀ ကျပ်) နှုန်းကို အသုံးပြုထားပါသည်။*

# (၂) တင်ပြပုံနည်းစနစ်

ဤအစီရင်ခံစာအတွက် အဓိကကျသော စစ်တမ်းကောက်ယူမှုကို အဖွဲ့ (၃) ဖွဲ့ပူးပေါင်း၍ ဆောင်ရွက်ခဲ့ပါသည်။ စစ်တမ်း ကောက်ယူသူ (၇) ဦးကို အချက်အလက်စုဆောင်းရန် တွေ့ဆုံမေးမြန်းမှုများအတွက် သင်တန်းပေးပါ သည်။

ထို့နောက် စစ်တမ်းကောက်ယူရေးအတွက် သက်ဆိုင်ရာနယ်မြေများသို့ပို့လွှတ်ပါသည်။ အဖွဲ့ဝင် (၂) ဦးက **(AASYC)** နှင့် ပအိုဝ်းလူငယ်အဖွဲ့ **(PYO)** တို့ကို ကိုယ်စားပြုပြီး (၃) ဦးက **(MYPO)**ကို ကိုယ်စားပြုပါသည်။ စစ်တမ်းကောက်ယူမှုကို ပြည်နယ်အသီးသီးရှိ အောက်ပါနယ်မြေများတွင် ဆောင်ရွက်ခဲ့ပါသည်။

- ရခိုင်ပြည်နယ်၊ ရမ်းဗြဲကျွန်းရှိ ကျောက်ဖြူမြို့နယ်နှင့် ပုဏ္ဏားကျွန်းမြို့နယ် **(AASYC)**
- ရှမ်းပြည်နယ်တောင်ပိုင်း၊ ဟိုပုန်း၊ တောင်ကြီး၊ ဆီဆိုင်မြို့နယ်များ **(PYO)**
- မွန်ပြည်နယ်၊ ရေးမြို့နယ် **(MYPO)** တို့ ဖြစ်သည်။

ကျွန်ုပ်တို့၏ စစ်တမ်းကောက်ယူသူများ သွားရောက်လေ့လာခဲ့ရာ နယ်မြေများအပြင် ဤအစီရင်ခံစာ လေ့လာရာ နယ် (၃) ခုရှိ အခြားနယ်မြေများနှင့် ပတ်သက်သော သတင်းအချက်အလက်များရရှိရေးအတွက် အခြားသောသတင်းဇစ်မြစ်အများအပြားကိုလည်း လေ့လာခဲ့ပါသည်။ အချို့သော သတင်းအချက်အလက်များ

သည် အများသိပြီး ဖြစ်နေသည့်တိုင် မြေယာသိမ်းယူမှုနှင့် စစ်တပ်များကို နေရာအနှံ့တိုး၍ ချထားခြင်းတို့သည် မြန်မာနိုင်ငံမှာ ရေရှည်ဖြစ်ပွားနေသော ပြဿနာများဖြစ်ကြောင်းကို ဖေါ်ပြရန်အတွက် ၎င်းအချက်အလက်တို့ကို ထည့်သွင်းဖေါ်ပြခဲ့ခြင်း ဖြစ်ပါသည်။ အဓိကစစ်တမ်းကောက်ယူမှုကို (၂၀၀၈) ခုနှစ်၏ (၃) လ တာကာလအတွင်းမှာ ဆောင်ရွက်ခဲ့ခြင်းဖြစ်သော်ငြားလည်း အချို့သော အသေးစိတ် အချက်အလက်များသည် ကုန်လွန်ခဲ့သောနှစ်များနှင့် သက်ဆိုင်ပါသည်။ ဤသို့ဖြစ်ရခြင်းမှာ ဤနယ်မြေများရှိ ပြဿနာများကို သတင်းမီဒီယာဌာနများက ကောင်းစွာ ဂရုမထားမိခဲ့သောကြောင့် ဖြစ်ပါသည်။

## ၃။ အစီရင်ခံစာ အကျဉ်းချုပ်

### ၃။ ၁။ မြန်မာနိုင်ငံ၏နောက်ခံသမိုင်းအကျဉ်း




မြန်မာနိုင်ငံ (Burma) ကို အာဏာလက်ရှိ စစ်အစိုးရဖြစ်သော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (State Peace and Development Council- SPDC) က (၁၉၈၉) ခုနှစ်တွင် (Myanmar) ဟု တရားဝင်အမည် ပြောင်းခဲ့သည်။ နိုင်ငံတကာ၏ ပြစ်တင်ဝေဖန်မှုများနှင့် စီးပွားရေးဒဏ်ခတ်မှုများ ဆက်လက်ရှိနေသည့်ကြားကပင် (နအဖ) (SPDC)သည် အာဏာကို ဆက်လက်ဆုပ်ကိုင်ထားကာ အတိုက်အခံတို့ကို အင်အားသုံးလျက်နှိပ်ကွပ် နေပါသည်။ စောင့်ကြည့်လေ့လာသူအတော်များများကလည်း စစ်အစိုးရသည် လူ့အခွင့်အရေးချိုးဖေါက်မှုများကို အကြီးအကျယ် ကျူးလွန်နေသည့်အပြင် စီပွားရေးကိုလည်း အလွဲလွဲအချော်ချော် စီမံနေသည်ဟု စွပ်စွဲပြောဆိုနေကြပါသည်။ [၁]

(၁၉၈၈) ခုနှစ် လူထုအုံကြွမှုနှင့် (၂၀၀၇) ခုနှစ် ရွှေဝါရောင်တော်လှန်ရေးတို့ကို နှိပ်ကွပ်မှုသည် တိုင်းပြည်

[၁] http://news.bbc.co.uk/2/hi/asia-pacific/country_profiles/1300003.stm, 30th July 2008

အုပ်စိုးသူတို့၏ ရက်စက်မှုကို ဖေါ်ပြလိုက်ခြင်းဖြစ်သည်။ အဆက်ဆက်သောစစ်အစိုးရတို့သည် လူမျိုးစုများကို သွေးခွဲဖိနှိပ်ထားပြီး သံလက်သီးဖြင့် အုပ်စိုးခဲ့ကြသည်။ မြန်မာစစ်တပ်(တပ်မတော်)သည် အာဏာနှင့် စိုးမိုးမှုတို့ကို ပြည်သူများ မလှန်နိုင်ရေးအတွက် တိုင်းပြည်အနှံ့အပြားတွင် ဖြန့်ချထားသည်။ တိုင်းပြည်၏ အရှေ့ပိုင်းတွင် အထူးသဖြင့် ကမ္ဘာ့အရှည်ဆုံး ပြည်တွင်းစစ်ဖြစ်ပွားနေရာ ကရင်ပြည်နယ်တွင် တော်လှန်ရေးအင်အားစုများကို ဆက်လက်တိုက်ခိုက်နေပါသည်။[၂] သွေးခွဲ ဖိနှိပ်ခံနေရသော လူနည်းစုတိုင်းရင်းသားများက ဘုံရန်သူကို ဆန့်ကျင်နေကြပါ၏။ သို့ရာတွင် မိမိတို့လူမျိုးအုပ်စုအလိုက် ချမှတ်ထားသော ကိုယ်နည်းကိုယ့်ဟန်၊ သီးခြား ဦးတည်ချက်များဖြင့် စခန်းသွားနေကြခြင်း ဖြစ်သည်။ ဝမ်းနည်းဖွယ်ရာကောင်းလှသည်မှာကား မြန်မာနိုင်ငံ၏ နယ်စပ်ဒေသများတွင် နှစ်ပေါင်းထောင်နှင့်ချီ၍ ဤအတိုင်း ဖြစ်ပွားနေခဲ့ခြင်းပင် ဖြစ်ပါသည်။

ဗြိတိသျှတို့က ယနေ့မြန်မာနိုင်ငံဟု ခေါ်ဆိုသောနိုင်ငံကို (၁၈၈၅) ခုနှစ်တွင် အပြီးအပိုင်သိမ်းပိုက်ခဲ့ပြီးနောက် အိန္ဒိယနိုင်ငံ၊ ကာလကတ္တားမြို့မှနေ၍ ဗြိတိသျှ–အိန္ဒိယ ပြည်နယ်တခုအဖြစ် အုပ်ချုပ်ခဲ့သည်။ (၁၉၃၇) ခုနှစ်တွင် မက်မိုဟန် **(McMahon)** နိုင်ငံတကာ နယ်ခြားမျဉ်းများရေးဆွဲ သတ်မှတ်သောအခါ၌ ဗြိတိသျှ –အိန္ဒိယကို ပိုင်းခြားလိုက်ကာ ဗြိတိသျှ – မြန်မာနိုင်ငံဟူ၍ ပေါ်ပေါက်လာခဲ့သည်။ (၁၉၃၇) ခုနှစ်နောက်ပိုင်းမှာ ဗြိတိသျှ–မြန်မာနိုင်ငံဟုခေါ်ဆိုသောကုန်းမြေသည် ယနေ့ခေတ်သစ်မြန်မာနိုင်ငံ ဖြစ်လာပါသည်။ [၃] မက်မိုဟန် နယ်နိမိတ်မျဉ်းရေးဆွဲလိုက်ခြင်းနှင့် တဆက်တည်းဖြစ်သော ဗြိတိသျှ – မြန်မာနိုင်ငံအဖြစ်သတ်မှတ်လိုက်ခြင်းတို့ကြောင့် ရာစုနှစ်ပေါင်းများစွာ အချင်းချင်း တိုက်ခိုက်ခဲ့ကြပြီး အချုပ်အချာအာဏာပိုင်စိုးသူ ဘုရင်များ အုပ်စိုးရာနယ်မြေများဖြင့် အစိတ်စိတ်အမွှာကွဲနေခဲ့သော လူမျိုးစုပေါင်း (၁၃၀) ခန့်သည် တမြေထဲမှာ စုပေါင်းနေထိုင်ကြရလေတော့သည်။ မြန်မာနိုင်ငံ၏ လွတ်လပ်ရေးသို့ချီတက်ရာ၌ လူမျိုးစုပေါင်းစုံခေါင်းဆောင်များနှင့် မြန်မာလူမျိုးဗိုလ်ချုပ်အောင်ဆန်းတို့က ဦးဆောင်ခဲ့ကြသည်။ (၁၉၄၇) ခုနှစ်တွင် ဗိုလ်ချုပ်အောင်ဆန်းက လန်ဒန်သို့ သွားရောက်ခဲ့ပြီး ဗြိတိသျှ ဝန်ကြီးချုပ် ကလီးမင့် အက်တလီ **(Clement Attlee)** နှင့်စာချုပ် ချုပ်ဆိုခြင်း၊ ထို့နောက် (ပင်လုံစာချုပ်) ချုပ်ဆိုခြင်းစသည်ဖြင့် နယ်စပ်ဒေသများကို ပေါင်းစည်းစေခဲ့သည်။ [၄] သို့ရာတွင် လွတ်လပ်ရေးအပြည့်အဝမရမှီမှာပင် ဗိုလ်ချုပ်အောင်ဆန်း လုပ်ကြံခံခဲ့ရသည်။ (၁၉၄၈) ခုနှစ်၊ ဇန်နဝါရီလ (၄) ရက်နေ့တွင် ဗြိတိသျှတို့က အာဏာလွှဲပြောင်းပေးပြီး မြန်မာနိုင်ငံသည် ကိုလိုနီအုပ်ချုပ်ရေးအောက်မှနေ၍ လွတ်လပ်ရေးရခဲ့လေသည်။[၅] ဝန်ကြီးချုပ်ဦးနုသည် မြန်မာနိုင်ငံ၏ပထမဦးဆုံး ဒီမိုကရေစီနည်းကျ ရွေးကောက်ပွဲမှနေ၍ အာဏာရလာခဲ့ခြင်းဖြစ်သော်လည်း လူမျိုးစုပြဿနာများနှင့် လူမျိုးစုများ၏တောင်းဆိုချက်များကို ဖြေရှင်းမပေးနိုင်ခဲ့ချေ။ လူမျိုးစုများက မိမိတို့ မတော်မတရားပြုခံနေရသည်၊ ပင်လုံစာချုပ်ကိုလည်း အကောင်အထည်ဖေါ်ပေးခြင်းမရှိဟု မြင်ခဲ့ကြသည်။ လူမျိုးစုများ၏ ကိုယ်ပိုင်အုပ်ချုပ်ခွင့်နှင့် ပတ်သက်၍ အကန့်အသတ်ရှိသော ကတိကဝတ်များကို ပင်လျှင် ထိထိရောက်ရောက် စောင့်စည်းခြင်းမရှိခဲ့ချေ။ တိုင်းပြည်သည် ပြည်တွင်းစစ်ဖြစ်ပွားကာ မြန်မာ့တပ်မတော်၏ တပ်ဖွဲ့များကလည်း ပုန်ကန်ခဲ့ကြသည်။ တိုင်းပြည် အစိတ်စိတ်အမွှာမွှာ ပြိုကွဲမည့်အဖြစ်မှ ကယ်တင်ရန်ဟု အကြောင်းပြကာ (၁၉၆၂) ခုနှစ်တွင် စစ်တပ်က အာဏာသိမ်းခဲ့သည်။ [၆]

---

[၂] Ethnic groups in Burma: Development, Democracy and Human Rights Smith, M (1994) Anti-Slavery International, London

[၃] The political concept of National United Party of Arakan (NUPA), Khin Maung (1995)

[၄] The New Panglong Initiative: Re-building the Union of Burma, Ethnic Nationalities Solidarity and Cooperation Committee

[၅] Burma, Hall D, 1960, Hutchinson & Co, London


[၆] The New Panglong Initiative: Re-building the Union of Burma, Ethnic Nationalities Solidarity and Cooperation Committee

ဗိုလ်ချုပ်နေဝင်းခေါင်းဆောင်သော မြန်မာနိုင်ငံ၏ပထမဦးဆုံးသော စစ်အစိုးရ အုပ်စိုးမှုမှနေ၍ ဖြစ်ပေါ်လာခဲ့သော အစဉ်အလာတစ်ရပ်သည် ယနေ့အထိဆက်လက်တည်တံ့နေပါသည်။ ၎င်းမှာ ပြည်သူများ ရက်ရက်စက်စက် ဖိနှိပ်ခံနေရခြင်း၊ နေ့စဉ်နှင့်အမျှ ပြည်သူတို့၏ အခွင့်အရေးများ ချိုးဖျက်ခံနေရခြင်း၊ အများပြည်သူတို့၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများနှင့် အသက်ရှင်နေထိုင်ရေးတို့ မရေမရာသောအနေအထားသို့ ရောက်နေခြင်းပင် ဖြစ်သည်။ မြန်မာနိုင်ငံသည် လူမျိုးအုပ်စုအမျိုးမျိုးနေထိုင်ရာဒေသများအဖြစ် ပထဝီအနေအထားအရ အစိတ်စိတ်အမွှာမွှာ ဖြစ်နေရသည့်အပြင် ယဉ်ကျေးမှု၊ စီးပွားရေးနှင့် ပြည်သူတို့အား အဆက်ဆက်သော အစိုးရများ၏ စနစ်တကျ ဖျက်ဆီးခြင်းခံထားရသော နိုင်ငံတစ်ခုလည်း ဖြစ်ပါသည်။ (၂၀၀၈) ခုနှစ် နာဂစ်မုန်တိုင်း တိုက်ခတ်ချိန်မှာလည်း (နအဖ) စစ်အစိုးရသည် မြန်မာနိုင်ငံပြည်သူတို့အပေါ် လုံးဝဂရုမထားကြောင်း ပြသခဲ့ပြန်ပါသည်။

မုန်တိုင်းတိုက်တော့မည့်အကြောင်း သတိပေးချက် မှန်သမျှကို လျစ်လျူရှုထားခဲ့သည့်အပြင် ဘေးဒုက္ခဖြစ်နေချိန်မှာ ဒုက္ခသည်များအတွက် နိုင်ငံတကာက ကမ်းလှမ်းလာသည့် ဒေါ်လာသန်းပေါင်းများစွာသော အကူအညီများကိုလည်း ငြင်းပယ်ခဲ့သည်။ မြန်မာနိုင်ငံပြည်သူတို့ ငြိမ်ငြိမ်သက်သက် ခေါင်းငုံ့ခံနေအောင် ပြင်ပကမ္ဘာနှင့် အဆက်ဖြတ်၍ရနိုင်သမျှ ဖြတ်ထားလိုသော စစ်အစိုးရ၏သဘောထားကို ဤအချက်ကဖော်ပြနေပါသည်။ လုံးဝအထီးကျန်နေသွားရေးပေါ်လစီကို စစ်အစိုးရက ကျင့်သုံးလာခဲ့သည်မှာလည်း နှစ်ပေါင်းများစွာ ကြာခဲ့ပြီ ဖြစ်ပါသည်။ ယခုတလောနှစ်များ၌ စစ်အစိုးရသည် ပြင်ပမှရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်ကာ ၎င်းတို့နှင့် စီးပွားရေးလုပ်ငန်းလုပ်လိုနေသေးသည့် အနည်းအကျဉ်းမျှသော အစိုးရများထံ တိုင်းပြည်၏သဘာဝအရင်းအမြစ်များကို ထုတ်ရောင်းစားနေလျက်ရှိသည်။ ဤသို့ရောင်းချခြင်းမှနေ၍ ရရှိလာသောအကျိုးအမြတ်များကို (နအဖ) ၏ အာဏာလက်မလွှတ်ရေးအတွက်သာလျှင် သုံးစွဲနေပြီး မြန်မာနိုင်ငံပြည်သူများအဖို့မူ အကျိုးခံစားခွင့် လုံးဝ မရှိချေ။

## ၃။ ၂။ လေ့လာခဲ့သောနယ်မြေများ၏ နောက်ခံသမိုင်း

### ရခိုင်ပြည်နယ်




ရခိုင်ပြည်နယ် မြေပုံ

ဓညဝတီ၊ ဝေသာလီ၊ လေးမြို့၊ မြောက်ဦးတည်းဟူသော မင်းဆက်လေးဆက်ခေတ် (ဘီစီ ၃၃၂၅ မှ အေဒီ ၁၇၈၄ အထိ) တည်ရှိခဲ့ရာ ရခိုင်ပြည်နယ်သည် နှစ်ပေါင်း (၅,၀၀၀) ကျော်ကြာမျှ လွတ်လပ်အချုပ်အချာပိုင်သော နိုင်ငံတစ်နိုင်ငံ ဖြစ်ခဲ့သည်။ (၁၇၈၄) ခုနှစ်တွင် မြန်မာ (ဗမာ) တို့ ကျူးကျော်သောအခါ၌ အချုပ်အချာအာဏာ ဆုံးရှုံးခဲ့သည်။ ထိုအချိန်မှစ၍ ရခိုင်ပြည်နယ်သည် မြန်မာနိုင်ငံ၏ ပြည်နယ်တစ်နယ် ဖြစ်သွားခဲ့သည်။ အခြားတိုင်းရင်းသားလူမျိုးစုများနှင့် ရခိုင်ရိုးမတောင်တန်းကြီးခြားနေသော ရခိုင်ပြည်သူတို့မှာ ကိုယ်ပိုင်ဓလေ့ထုံးစံနှင့် ကိုယ်ပိုင်ဘာသာစကား၊ စာပေ ရှိသည်။


လူဦးရေ (၃) သန်းခွဲမျှ ရှိရာ ရခိုင်ပြည်နယ်လူဦးရေသည် မြန်မာနိုင်ငံလူဦးရေစုစုပေါင်း၏ (၆%) မျှဖြစ်သည်။ ဘင်္ဂလားပင်လယ်အော်တွင်တည်ရှိသဖြင့် သစ်တော၊ ပင်လယ်၊ မြေဩဇာကောင်းသော ကုလားတန်နှင့် လေးမြို့မြစ်ဝှမ်းများမှနေ၍ သဘာဝအရင်းအမြစ်များ ရရှိသည်။ လူဦးရေအများစုသည် ဆန်စပါးစိုက်ပျိုးခြင်းနှင့် ငါးဖမ်းခြင်းအလုပ်တို့ကို လုပ်ကိုင်ကြသည်။ ဤလုပ်ငန်းတို့သည် လူမျိုး၏ထူးခြားမှုနှင့် နေ့စဉ် စားဝတ်နေရေးတို့အတွက် အခြေခံများဖြစ်သည်။ ရခိုင်ပြည်နယ်တွင် ခရိုင် (၄) ခု၊ မြို့နယ် (၁၇) မြို့နယ်၊ မြို့နယ်ခွဲ (၃)မြို့၊ ရပ်ကွက် (၁၃၂) ရပ်ကွက်၊ ကျေးရွာအုပ်စု ပေါင်း (၁, ၀၄၀) နှင့် ကျေးရွာပေါင်း (၃,၈၆၄) ရွာ ရှိသည်။ **(Akyab)** ဟုလည်း သိထားကြသော စစ်တွေမြို့တော်သည် လူဦးရေ (၂) သိန်းခန့်ရှိပြီး ကုလားတန်မြစ်၊ လေးမြို့မြစ်၊ မေယုမြစ်တို့ပေါင်းဆုံရာ မြေနုကျွန်းပေါ်မှာ တည်ရှိသည်။

သဘာဝအရင်းအမြစ်ကြွယ်ဝခြင်းနှင့် သက်ရှိသတ္တဝါများ စုံလင်ထွေပြားမှုတို့ကြောင့် ရခိုင်ပြည်နယ်သည် (နအဖ) ၏ စစ်တပ်များနေရာအနှံ့ချထားရေးနှင့် သဘာဝအရင်းအမြစ်များတူးဖော်ရေးပေါ်လစီမှာ အကြုံးဝင်သော မြေယာသိမ်းပိုက်မှု၏ဒဏ်ကို ဆိုးဆိုးရွားရွား ခံနေရသည်။

## မွန်ပြည်နယ်



ရဲမြို့နယ်



မွန်ပြည်နယ်မြေပုံ

ခမာလူမျိုးတို့နှင့် အနွယ်တနွယ်တည်းဖြစ်သော မွန်လူမျိုးတို့သည် ဘီစီ (၂,၅၀၀)မှ ဘီစီ (၁,၅၀၀) အတွင်းမှာ မွန်ဂိုးလီးယားဒေသမှနေ၍ မြန်မာနိုင်ငံသို့ပြောင်းရွှေ့လာခဲ့ခြင်းဖြစ်သည်။ (၁၄) ရာစုတိုင်သည်အထိ မွန်ဘုရင့်နိုင်ငံတော်များသည် ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသမှနေ၍ အရှေ့ဘက်တလွှား ကမ္ဘောဒီးယားဒေသသို့ ရောက်အောင် ပျံ့နှံ့ ခဲ့သည်။ ပုဂံမင်းဆက်ပြုတ်ပြီးနောက်တွင် (၁၂၈၇) ခုနှစ်မှ (၁၅၃၉) ခုနှစ်အထိ မြန်မာနိုင်ငံအောက်ပိုင်းကို မွန်မင်းဆက် တစ်ဆက် အုပ်စိုးခဲ့သည်။ ထိုမှတဖန် (၁၅၅၀–၅၃) ခုနှစ်များတွင်လည်း အုပ်စိုးခဲ့သေးသည်။ နောက်ဆုံး မွန်ဘုရင့်နိုင်ငံတော်သည် ဟံသာဝတီပြည်ဖြစ်သည်။ (၁၇၄၀) ခုနှစ်မှ မြန်မာ (ဗမာ) ဘုရင်သိမ်းပိုက်သော (၁၇၅၇) ခုနှစ်အထိ တည်တံ့ခဲ့သည်။

မွန်လူဦးရေသည် ခန့်မှန်းခြေအားဖြင့် (၂. ၅) သန်းရှိသည်။ မွန်လူမျိုးအများစုသည် စိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြသည်။ မြစ်များစီးဆင်းရာ မြေဩဇာထက်သန်သောနေရာများ၌ စပါးစိုက်လယ်ကွင်းများ၊ ရာဘာခြံများ၊ သစ်သီးခြံများနှင့် ဟင်းသီးဟင်းရွက်ခင်းများပြည့်နှက်နေပါသည်။ မွန်ပြည်နယ်သည် ပင်လယ်နှင့်ထိစပ်နေသဖြင့် ငါးဖမ်းလုပ်ငန်းသည်လည်း အရေးပါသော အသက်မွေးဝမ်းကျောင်းလုပ်ငန်းတစ်ခုဖြစ်သည်။ မြစ် (၃) သွယ်ဖြစ်သော သံလွင်၊ ဂျိုင်း၊ အတ္တရံမြစ်တို့မှာလည်း ငါးများကို ဖမ်းယူရရှိပါသည်။

## ရှမ်းပြည်နယ်၊ ပအိုဝ်းဒေသ




**ရှမ်းပြည်နယ် မြေပုံ**

ရှမ်းပြည်နယ်တောင်ပိုင်းမှာ နေထိုင်ကြသော ကျေးလက်ပြည်သူအများစုသည် တောင်သူလယ်သမားများ ဖြစ်သည်။ အသက်မွေးမှုအတွက် လယ်မြေ၊ ယာမြေများကို အမှီသဟဲပြုကာ စားပင်အမျိုးမျိုးကို စိုက်ပျိုးကြသည်။ ပအိုဝ်းသူပုန်များ စစ်အစိုးရနှင့် အပစ်အခတ်ရပ်စဲရေး သဘောတူညီမှုမလုပ်မီက ကျေးလက်နေ တောင်သူလယ်သမားများအဖို့ အေးအေးဆေးဆေးနှင့် အဆင်ပြေပြေ လုပ်ကိုင်စားသောက်နိုင်ခြင်း မရှိခဲ့ချေ။ အပစ်အခတ်ရပ်စဲရေးလုပ်ပြီးနောက်တွင် ကျေးလက်ဒေသများမှာ အတော်အတန် ငြိမ်သက် အေးချမ်းလာခဲ့သည်။

သို့သော်လည်း ဒေသဖွံ့ဖြိုးရေးဟူသောအကြောင်းပြချက်ဖြင့် ဟိုပုန်း၊ တောင်ကြီး၊ ဆီဆိုင်နယ်မြေများကို သိမ်းပိုက်ပြီးနောက် ထိုဒေသများမှာ စစ်စခန်းများဆောက်ခဲ့သည်။ စစ်စခန်းများဆောက်ပြီးသွားသောအခါ၌ အနီးအနားရှိ ကျေးရွာများကို အတင်းအဓမ္မ နေရာရွှေ့ပြောင်းစေခဲ့သည်။ ဤသို့ နေရာရွှေ့ပြောင်းခိုင်းခြင်းကြောင့် ဒေသနေပြည်သူတို့၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ အကြီးအကျယ် ထိခိုက်ပျက်စီးခဲ့သည်။

## ၄၊ မြန်မာနိုင်ငံ အနှံ့အပြားမှာ စစ်တပ်များ တိုးချဲ့ချထားခြင်း

### ၄။ ၁။ စစ်တပ်များနှံ့အပြား တိုးချဲ့ချထားခြင်းနှင့် တိုက်ရိုက် အကျိုးဆက်များ

“တပ်မတော်”ဟုလည်း အများသိထားကြသော (နအဖ) စစ်အစိုးရ၏ စစ်တပ်မှာ အင်အား (၄၉၀, ၀၀၀) ခန့်ရှိသည်။ (၁၉၈၉) ခုနှစ် မှစ၍ နှစ်ဆကျော်ကျော်အထိ တိုးလာခဲ့ခြင်းဖြစ်သည်။[၇] ထို့ပြင် မြန်မာနိုင်ငံရှိ ရဲတပ်ဖွဲ့မှာလည်း အရန်ရဲအင်အား (၄, ၅၀၀) အပါအဝင် အင်အား (၇၂, ၀၀၀) ခန့်ရှိသည်။[၈] ပြည်ပရန်သူဟူ၍ မရှိသော်လည်း အကြမ်းဖျင်းအားဖြင့် လူဦးရေ (၁၀၀) လျှင် စစ်သား (၁) ယောက်နှုန်းခန့် ဖြစ်နေသည်။ မြန်မာနိုင်ငံတွင် ပြည်ပမှ အထူးသဖြင့် တရုတ်၊ ထိုင်းနှင့် ရုရှားနိုင်ငံတို့မှ လက်နက်ရောင်းချမှုနှင့် ရင်းနှီးမြှပ်နှံမှုများ တိုးမြှင့်ခြင်းမရှိပါက စစ်တပ်တိုးချဲ့ရေးကိစ္စသည် ဖြစ်နိုင်မည် မဟုတ်ချေ။[၉]



(၂၀၀၈) ခုနှစ် မတ်လ (၂၇) ရက်၊ တပ်မတော်နေ့တွင် မြန်မာစစ်တပ် စစ်ရေးပြနေပုံ[၁၀]

---

[၇] http://en.wikipedia.org/wiki/Tatmadaw

[၈] Asia Briefing No. 21 – “Mynamar: The Future of the Armed Forces” – International Crisis Group, 27/09/2002 – p3, footnote 5

[၉] Burma‘s Arms Procurement Program”, Working Paper N°289 (Strategic and Defence Studies Centre, Australian National University, Canberra, 1995); Andrew Selth, Burma‘s Secret Military Partners, Canberra Papers on Strategy and Defence N°136 (Strategic and Defence Studies Centre, Australian National University, Canberra, 2000).

[၁၀] BBC News: Day in Pictures, 27th March 2008

စစ်တပ်ကိုတိုးချဲ့ရန် (နအဖ) စစ်အစိုးရက အရှုံးအမှုးဖြစ်နေပုံကို ပေါ်လွင်စေသော အချက်မှာ (၁၉၉၃ မှ ၂၀၀၄) ခုနှစ်အတွင်း ကျန်းမာရေးနှင့် ပညာရေးအသုံးစားရိတ်ကို (၃ ٪) နှင့် (၈ ٪) အသီးသီးမျှသာတိုးပြီး ကာကွယ်ရေး အသုံးစရိတ်ကို (၂၉٪) တိုးသည်ဟူသောအချက်ပင်ဖြစ်ပါသည်။ [၁၁]

စစ်တပ်များတိုး၍ချခြင်းသည် ဆက်တိုက်လုပ်နေသောကိစ္စ ဖြစ်သည်။[၁၂] ဤသည်မှာ ဖွံ့ဖြိုးရေးစီမံချက်များဖေါ် ဆောင်နေသောနယ်မြေများတွင် အာဏာစက်မြဲနေစေရန်ဖြစ်သည်။ မြို့ပြများ၌လည်းကောင်း၊ စစ်တပ်၏ အသစ် ထိန်းချုပ်ထားသောနယ်မြေများ၌လည်းကောင်း မငြိမ်မသက်မှုများရှိနေသည်။[၁၃] စစ်တပ်များတိုး၍ချထားခြင်းနှင့် တပါတည်းမှာပင် စစ်တပ်များက စစ်တန်းလျား၊ စစ်တပ်စခန်းနှင့် အခြားစစ်အဆောက်အဦးများ ဆောက်လုပ်ခြင်း ကြောင့် မြေသိမ်းခြင်း၊ အတင်းအဓမ္မအလုပ်စေခိုင်းခြင်းနှင့် အထွေထွေ လူ့အခွင့်အရေးချိုးဖေါက်မှုများဖြစ်ပွား လေသည်။ အာရှလူ့အခွင့်အရေးကော်မရှင် (၁၉၉၉) (Asian Human Rights Commission-1999) ၏ တွေ့ရှိချက်အရ မြန်မာနိုင်ငံမှာ စားနပ်ရိက္ခာရှားပါးမှုသည် တိုင်းပြည်တဝှမ်းလုံးမှာ စစ်တပ်များချထားခြင်း၏ တိုက်ရိုက်အကျိုးဆက် ဖြစ်သည်။ [၁၄]

စစ်တပ်များတိုး၍ချထားသော နယ်မြေများတွင် တရားဝင် စစ်ဆေးရေးစခန်းများရော တရားမဝင် စစ်ဆေးရေး ဂိတ်များပါ အမြောက်အမြားရှိနေသည်ကိုတွေ့ရသည်။ ဤစခန်းများသည် လုံခြုံရေးကိုစောင့်ကြည့်ရန်အတွက် ချထားခြင်းဖြစ်သော်လည်း တရားမဝင်နည်းလမ်းဖြင့် ဝင်ငွေကောင်းကောင်းရရှိရာနေရာများဖြစ်ကြောင်း တွေ့ရသည်။ မွန်ပြည်နယ်မှာ စစ်တမ်းကောက်ယူမှုအရ မော်တော်ဆိုင်ကယ်အခွန်နှင့် လစဉ်ပေးဆောင်ရသော အခွန်[၁၅] မှနေ၍ ဂိတ်မှူးများသည် လစဉ် (၃, ၀၀၀) ကျပ် (အမေရိကန် ၂.၂ ဒေါ်လာ) ရရှိနေကြကြောင်း သိရ သည်။ ထို့ပြင် စစ်ဆေးရေးစခန်းသစ်တခုကို လူတစ်ဦး ဖြတ်သန်းသွားလိုပါက ငွေ (၁၀၀) ကျပ်ကောက်သည်။[၁၆] မြန်မာနိုင်ငံတဝှမ်းလုံးမှာ ဒေသခံပြည်သူများနှင့် ကုန်သည်များထံမှ ဤသို့ တရားမဝင် အခွန်ကောက်ခံနေမှုများ ကို မှတ်တမ်းပြုထားပြီးဖြစ်ပါသည်။ ရခိုင်ပြည်နယ်မှာ (၂၀၀၈) ခုနှစ်၊ ဩဂုတ်လ ဆန်ရှားပါးမှုအကျပ်အတည်း ဖြစ်နေစဉ်ကာလအတွင်း၌ ဆန်ကုန်ကူးရာလမ်းကြောင်းရှိ တရားမဝင် စစ်တပ်စစ်ဆေးရေးစခန်း (၄) ခုကို ဖြတ်ရန်အတွက် ငွေ (၂, ၅၀၀) ကျပ်နှင့် ဆန်အတော် များများကို ပေးခဲ့ရကြောင်းသိရသည်။[၁၇] (၁၉၉၂) ခုနှစ် တွင် အရှေ့ပိုင်းတိုင်းစာဌာနချုပ် တိုင်းဗဟိုအမှတ် (၃) လေ့ကျင့်ရေးတပ် ဟိုပုံးမြို့ အရှေ့မြောက်ဘက်တွင်

[၁၁] http://www.unicef.org/view_chart.php?sid=764c6063cd1e1a2ab44da6cc6b654cce&create_chart=Create+Table+%3E%3E&submit_to_chart=1&layout=1&language=eng

[၁၂] မြန်မာ စစ်တပ် တပ်ရင်းတရင်း၏ အပြည့်ဖွဲ့စည်းပုံသည် တရားဝင် ၇၀၀ ဦး ဖြစ်သည်။ သို့သော် အင်အား ၄၀၀–၅၀၀ ဖြင့်လည်း လှုပ်ရှားတတ်သည်။ သို့သော်လည်း သတင်းများအရ မြန်မာစစ်တပ် တပ်ရင်းများသည် လူဦးရေအင်အား ၂၀၀– ၃၀၀ မျှဖြင့် သာ လှုပ်ရှားနေကြသည်ဟုလည်း ဆိုသည်။ (“My Gun Was As Tall As Me” – Kevin Heppner & Jo Becker): see Human Rights Watch link below:- http://www.hrw.org/reports/2002/burma/ Burma0902 -04.htm

[၁၃] Dammed by Burma’s Generals: the Karenni experience with hydropower development – From Lawpita to the Salween, Karenni Development Research Group 2006

[၁၄] Asian Human Rights Commission (AHRC), 1999, *Voice of the Hungry Nation*, Hong Kong: AHRC

[၁၅] မြန်မာစစ်တပ်က လစဉ် ကုန်သည်များထံမှ ကောက်ယူသောအခွန်ငွေမှာ ကုန်အမျိုးအစားအပေါ်မူတည်၍ စစ်ဆေးရေးဂိတ်များ တွင် ကောက်ယူကြသည်။

[၁၆] Primary field research MYPO


[၁၇] FBR Arakan team report: Relief team brings food to famine victims as the Burma Army tries to stop assistance in Western Burma, 19 July, 2008

စစ်ဗျူဟာကွင်းအတွက် မြေ (၁၈, ၉၈၂) ဧကနှင့် စစ်ရေးလေ့ကျင့်ကွင်းအတွက် (၆, ၄၂၀) ဧကကို သိမ်းယူခဲ့သည်။[၁၈] (၁၉၉၉) နှင့် (၂၀၀၂) ခုနှစ်အတွင်း၌ (နအဖ) နှင့် မြန်မာစစ်တပ်သည် မွန်ပြည်နယ်၊ ရေးမြို့နယ်အတွင်း မှာပင်လျှင် ခြေမြန်တပ်ရင်းပေါင်း (၁၀) ရင်းခန့်ချထားပြီး သံဖြူဇရပ်နှင့် အနီးအနားနယ်မြေများ၌ နောက်ထပ် အမြောက်တပ်ရင်းပေါင်း (၁၀) ရင်း ချထားချထားခဲ့သည်။ (၁၉၉၅) ခုနှစ်က ရေးမြို့အဝင်၌ စစ်တပ်စစ်ဆေးရေး စခန်း (၂) ခုသာ ရှိခဲ့သည်။ စစ်တပ်များတိုး၍ချထားမှုကြောင့် ခေါဇာနှင့် လမိုင်းမြို့နယ်ခွဲအတွင်းမှာ စစ်အခြေစိုက် စခန်းများဆောက်လုပ်ပြီး(၂၀၀၃)နှင့် (၂၀၀၄)ခုနှစ်အတွင်း ဤမြို့နယ်ခွဲ (၂) ခုတွင် တရားဝင် စစ်တပ်စစ်ဆေးရေး စခန်းသစ် (၄) ခုချထားခဲ့သည်။[၁၉] ရေးမြို့နယ်အတွင်းမှာ စစ်တပ်များ တိုး၍ချထားခြင်းသည် မွန်ခွဲထွက်အုပ်စုကို တိုက်ခိုက်စရာရှိသောကြောင့် ဖြစ်သည်။[၂၀] ဤနှစ်တစ်နှစ်တည်းမှာပင် ပလက်ဝမြို့နယ် (ဤမြို့နယ်ကို ချင်းပြည် နယ်၏ မြို့နယ်တစ်ခုအဖြစ် ယူဆထားကြသော်လည်း ရခိုင်၊ ခမွီးနှင့် ချင်းစသော အခြားလူမျိုးစုများ နေထိုင်ရာ နယ်မြေတစ်ခုဖြစ်သည်။)၌ မြန်မာ စစ်တပ်များကို တပ်ရင်း (၁) ရင်းမှ မှနေ၍ (၃) ရင်းအထိ တိုး၍ချထားသည် ကို တွေ့ရသည်။[၂၁]

## ရခိုင်ပြည်နယ်အတွင်း စစ်တပ်များတိုး၍ ချထားခြင်း

ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်၏ ပလက်ဝမြို့တို့ပါဝင်သောနယ်မြေတစ်ခုဖြစ်သည့် အနောက်ပိုင်းတိုင်း စစ်ဌာန ချုပ်အခြေစိုက် ခြေလျင်တပ်ရင်းများ၏ အရေအတွက်သည် တပ်ရင်း (၃) ရင်းမှနေ၍ (၁၉၈၈) ခုနှစ် နောက်ပိုင်း တွင် (၄၃) ရင်းအထိ တိုးလာခဲ့သည်။ ထို့ပြင် (အင်ဂျင်နီယာတပ်၊ ဆက်သွယ်ရေးတပ်ကဲ့သို့သော) အထူးတပ်ရင်း (၁၀) ရင်း၊ နည်းဗျူဟာဌာနချုပ်များနှင့် ရေတပ်အခြေခံစခန်းများလည်းရှိသေးသည်။ ရခိုင်ပြည်နယ်၊ အမ်းမြို့တွင် ဌာနချုပ်ဖွင့်ထားသော အနောက်ပိုင်းတိုင်းစစ်ဌာချုပ်သည် ဝင်ငွေကောင်းသော စီးပွားရေးလုပ်ငန်းများကို ချုပ်ကိုင် ထားကာ လုပ်ငန်းလုပ်ခွင့်လိုင်စင်နှင့် လုပ်ငန်းဆောင်ရွက်မှုများအတွက် ၎င်း၏ခွင့်ပြုမိန့်ကို ယူကြရသည်။

**မြန်မာနိုင်ငံ အနောက်ပိုင်းဒေသရှိ မြန်မာစစ်တပ်ရင်းများ (၁၉၈၈ မှ ၂၀၀၆) ခုနှစ်မြေပုံ**




[၁၈] Primary field research PYO

[၁၉] Primary field research MYPO

[၂၀] Primary field research MYPO

[၂၁] FBR Arakan team report: Hunger and Malnutrition in Arakan & Chin States, November 2008

## ၄။၂။ စစ်တပ်များချထားခြင်းနှင့် မြေသိမ်းခြင်း

မည်သည့်လျော်ကြေးမှ မပေးဘဲမြေသိမ်းခြင်းသည် မြန်မာနိုင်ငံမှာ ရိုးနေပြီဖြစ်သောကိစ္စတစ်ရပ်ဖြစ်သည်။ အထူးသဖြင့် စစ်အစိုးရနှင့် နိုင်ငံခြားကော်ပိုရေးရှင်းများက ဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာနေရာ ဒေသများတွင် ဖြစ်သည်။ [၂၂]

လူမျိုးစုများနေထိုင်ရာပြည်နယ်များတွင် စစ်တပ်များကိုတိုးချဲ့ချထားနေသမျှကာလပတ်လုံး ပိုင်ရှင်များကို လျော်ကြေး မဖြစ်စလောက်ပေး၍သော်လည်းကောင်း၊ လုံးဝမပေးဘဲသော်လည်းကောင်း မြေယာများကို အတင်းအဓမ္မသိမ်းနေမည်သာ ဖြစ်ပါသည်။ သိမ်းယူထားသောမြေယာများကို စစ်တန်းလျားများ၊ ကင်းစခန်းများနှင့် စစ်သင်တန်းကွင်းများအဖြစ် အသုံးပြုသည်။ ထို့ပြင် စစ်သားများအတွက်ရိက္ခာထောက်ပံ့ရေးနှင့် အပိုဝင်ငွေ ရရှိရေးအတွက် လယ်လုပ်ရန် နှင့် ဥယျာဉ်စိုက်ပျိုးရန်လည်း မြေယာအတော်များများကို သိမ်းယူသေးသည်။[၂၃]

မြန်မာစစ်တပ်သည် ၎င်းတို့အခြေစိုက်စခန်းများနှင့် နီးရာနေရာများမှ မြေယာ၊ စားရေရိက္ခာနှင့် အခြားသော အရင်းအမြစ်များကို လုယူကြောင်း အထောက်အထားများအရ သိရှိရသည်။[၂၄] ဤအထောက်အထားများသည် တိုင်းပြည်အနှံ့အပြားမှာ စစ်တပ်များချထားခြင်းနှင့် နီးနီးစပ်စပ်ဆက်စပ်နေကာ စစ်တပ်များချထားမှု တိုးလာသည်နှင့်အမျှ နယ်မြေဒေသအတွင်းရှိ ပုဂ္ဂလိကပိုင်နှင့် အများပိုင်မြေယာများကို သိမ်းယူမှုသည်လည်း တိုးလာခဲ့ပါသည်။[၂၅] ဤသို့ တိုးလာရခြင်းမှာ စစ်တပ်အနေနှင့် မိမိတို့လိုအပ်သောရိက္ခာနှင့် အခြေခံပစ္စည်းများကို မိမိတို့ဘာသာ ထုတ်လုပ်ရမည်ဟူသော ကိုယ့်ဒူးကိုယ်ချွန် ကိုယ်ထူကိုယ်ထ ပေါ်လစီကြောင့် ဖြစ်သည်။[၂၆]

စစ်တပ်များအနေနှင့် လိုအပ်သောရိက္ခာနှင့်ပတ်သက်၍ ကိုယ့်ဒူးကိုယ်ချွန်ရှာရမည်ဟု (၁၉၉၈) ခုနှစ်ကစ၍ မွန်ပြည်နယ်ရှိ တပ်ရင်းများကို အမိန့်ထုတ်ထားသည်။ ဤအမိန့်ကြောင့် ဒေသခံရွာသားများထံမှ ရိက္ခာနှင့် ပစ္စည်းများကို လုယူမှုများ တိုး၍လာခဲ့သည့်အပြင် စစ်တပ်အတွက်မြေသိမ်းမှုများလည်း တိုးလာခဲ့သည်။[၂၇] (၁၉၉၈) ခုနှစ် တစ်နှစ်တည်းမှာပင် စစ်တပ်က မြေကေပေါင်း (၃, ၀၀၀) ကျော်ကိုသိမ်းယူခဲ့သည်။ အဓိကအားဖြင့် စစ်သားများ၏ ရိက္ခာလိုအပ်ချက်များကို ဖြည့်ဆည်းပေးရန်ဖြစ်သည်။ (၂၀၀၀) ခုနှစ်တွင် မြေကေ (၁၀၀) မျှသာ သိမ်းယူခဲ့သော်လည်း (၂၀၀၁) ခုနှစ်တွင် နောက်ထပ် စစ်တပ်များတိုး၍ချထားလာသဖြင့် နောက်ထပ် မြေကေ (၂, ၀၀၀) သိမ်းယူခဲ့သည်။ (၂၀၀၂) ခုနှစ်တွင်မူ နောက်ထပ်၍ ကေ (၁, ၀၀၀) ကျော် သိမ်းပြန်ပါသည်။ [၂၈]

---

[၂၂] "Our Land and Our Natural Resources in Burma", The Nationalities Youth Forum, 2005

[၂၃] "The Impact of the confiscation of land, labour, capital assets and forced relocation in Burma by the militaryregime", Dr. Nancy Hudson-Rodd Dr. Myo Nyunt, Saw Thamain Tun, and Sein Htay, 2003

[၂၄] "A conflict of interests: the Uncertian future of Burma's Forests", Global Witness, 2003, p. 28

[၂၅] "No Land to Farm", Human Rights Foundaction of Mon Land, 2002

[၂၆] "Developments concerning the question of observing the Government of Myanmar of the Forced Labour Convention", ILO Report of the high Level Team 2001

[၂၇] Primary Field research MYPO

[၂၈] "Our Land and Our Natural Resources in Burma", The Nationalities Youth Forum, 2005

(၂၀၀၃) ခုနှစ်နှောင်းပိုင်းနှင့် (၂၀၀၄) ခုနှစ်၊ နှစ်ဆန်းပိုင်းတွင် မွန်ပြည်နယ်၊ ရေးမြို့နယ်အတွင်း၌ ခေါဇာနှင့် လမိုင်းမြို့နယ်ခွဲများကို ဖွဲ့စည်းခဲ့သည်။ စစ်အစိုးရက မွန်ခွဲထွက်အုပ်စုများကို တိုက်ရန်ဟူသော အကြောင်း ပြချက်ဖြင့် ဤနယ်မြေအတွင်းမှာ စစ်တပ်အများအပြားကို ချထားခဲ့သည်။ ဤသို့ဖြင့် မြေများကို ကေ ထောင်နှင့် ချီ၍ သိမ်းယူခဲ့သည်။[၂၉]

(၂၀၀၅) ခုနှစ်၊ ဩဂုတ်လအတွင်း၌ ဇာကလယ်ကျေးရွာလူကြီး နိုင် (——) ဆိုသူက (ခမရ) (၅၈၇) နှင့် ပေါင်း၍ လမိုင်းမြို့နယ်ခွဲရှိ မိသားစု (၆) စုထံမှ မြေကေ (၁၆၀) ခန့်ကို သိမ်းယူခဲ့သည်။ ဤမြေကွက်များသည် ရာဘာ၊ ကွမ်းသီးနှင့် ဒူးရင်းပင်တို့စိုက်ထားသော ခြံများဖြစ်သည်။ ခြံပိုင်ရှင်များက နယ်မြေအာဏာပိုင်များကို တိုင်ကြားခဲ့သော်လည်း အရေးယူပေးခြင်း မရှိခဲ့ချေ။ (၂၀၀၄) နှင့် (၂၀၀၇) ခုနှစ်အတွင်းမှာ (ခမရ) (၅၈၆) နှင့် (၅၈၇) တို့က ကေပေါင်း (၁, ၅၀၀) ရှိသော ရာဘာခြံများကို သိမ်းယူခဲ့သည်။[၃၀]



**ရေးမြို့နယ်ရှိ (ခမရ) (၅၈၇)၏ ကြက်ဆူပင်စိုက်ခင်း**

(၂၀၀၆) ခုနှစ်၊ မေလ၌ ရခိုင်ပြည်နယ်၊ ပုဏ္ဏားကျွန်းမြို့နယ်တောင်ပိုင်း စစ်တွေ–ရန်ကုန် အဝေးပြေးလမ်းမကြီး ပေါ်ရှိ ဒေသနေပြည်သူများ၏ ဘိုးဘေးပိုင်စိုက်ခင်းများကိုစစ်တပ်ကသိမ်းယူခဲ့သည်။ ဤစိုက်ခင်းများ၌ ကျွန်းပင်၊ ပျဉ်းကတိုးပင်၊ သရက်ပင်၊ ပိန္နဲပင်၊ ငှက်ပျောပင်နှင့် ဟင်းသီးဟင်းရွက်ပင်ကဲ့သို့သော အပင်များရှိသည်။ စစ်တပ်က ခြံများကို သိမ်းအပြီးတွင် ပိုင်ရှင်များအား ပစ္စည်းနှင့် သီးနှံများသိမ်းဆည်းရန် သီတင်းပတ် (၁) ပတ်မျှသာ ခွင့်ပြုခဲ့သည်။ သီတင်းပတ် ကုန်ဆုံးသွားသည်နှင့် ပိုင်ရှင်များအား ခြံများထဲသို့ပြန်လာခွင့်မပြုတော့ချေ။

ခြံထဲသို့ ပြန်လာသည်ကိုတွေ့ရှိပါက ဒဏ်ငွေ ကျပ် (၁၀၀, ၀၀၀) ရိုက်မည်ဟု စစ်တပ်က အမိန့်ထုတ်ထား

[၂၉] Primary Field research MYPO

[၃၀] Primary Field research MYPO

သည်။ အကယ်၍ ဒဏ်ငွေမပေးဆောင်နိုင်ပါက နယ်မြစစ်တပ်စခန်းမှာ (၃) လ ချုပ်နှောင်ခံရမည်ဖြစ်ပြီး ခြံစည်းရိုးကာခြင်း၊ မြက်ခုတ်ခြင်း၊ စစ်တပ်အတွက် ထမင်း၊ ဟင်းချက်ပေးခြင်း အလုပ်များကို လုပ်ရမည်ဟု ဆိုပါသည်။ ဤခြံများသည် ကာလပေါက်ဈေး ကျပ်သန်း (၅, ၀၀၀ မှ ၁၀, ၀၀၀) (အမေရိကန်ဒေါ်လာ ၃, ၇၀၀ မှ ၇, ၄၀၀ ဒေါ် လာ)တန်ကြေးရှိပြီး ခြံပိုင်ရှင်များအဖို့ စားဝတ်နေရေးအတွက် ဤခြံများကို မှီခိုအားထား နေခဲ့ကြရသည်။ [၃၁]

ကုလားတန်မြစ် အနောက်ဘက်ကမ်းရှိ အဝေးပြေးလမ်းမကြီးတလျှောက် ပန်းနီလာနှင့် ကျင်ခင်ကျေးရွာ အကြားနှင့် ပုဏ္ဏားကျွန်းမြို့နယ်အတွင်းရှိ မြေကေ (၁, ၀၀၀) ကို စစ်တွေ စစ်ဌာနချုပ် အမှတ် (၂၀) က ထပ်မံ၍ သိမ်းပြန်သည်။ [၃၂]




**မြေကေ (၁၀၀၀)ကျော်သိမ်းယူကြောင်း အသေးစိတ်ဖော်ပြထားသော ဆိုင်းဘုတ်တစ်ခု**

ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့နယ်၊ အုန်းတောရွာနှင့် ပြိုင်းစေ့ကေကျေးရွာများရှိ (၁၅) ကေရှိသော ဥယျာဉ်ခြံမြေများကို (၂၀၀၅) ခုနှစ်တွင် သစ်တောဝန်ကြီးဌာန လက်အောက်ခံ မြို့နယ်သစ်တောဌာနက သိမ်းယူခဲ့သည်။ မြေသိမ်းယူသောနေရာကို ဒိုးအန်းတောင်ဟု ခေါ်ပါသည်။ ဤရွာနှစ်ရွာမှ ရွာသူရွာသားများသည် ပဲနှင့် အခြားဟင်းသီးဟင်းရွက်များစိုက်ကြသည်။ ရွာသားများသည် လျော်ကြေးမရခဲ့ကြချေ။[၃၃]

ရခိုင်ပြည်နယ် ကျောက်ဆိပ်နှင့် ယိုးငူကျေးရွာအကြားရှိ လယ်မြေကေ (၁၀၀)ကို အမှတ် (၉၀၈) စစ်အင်ဂျင်နီယာတပ်ဆွယ်က မိုးစပါးစိုက်ပျိုးရန်အတွက် (၂၀၀၅) ခုနှစ်၊ ဇူလိုင်လတွင် သိမ်းယူခဲ့သည်။ အကယ်၍ လယ်ပိုင်ရှင်များက မိမိတို့လယ်ကိုပြန်လုပ်လိုပါက စစ်တပ်ကို စပါးတင်း (၆၀) ပေးရမည်ဖြစ်သည်။

[၃၁] Primary Field research AASYC

[၃၂] Primary Field research AASYC

[၃၃] Primary Field research AASYC

ထိုလအတွင်းမှာပင် အမှတ် (၉၆၂) စစ်အင်ဂျင်နီယာတပ်ဆွယ်က ထိုနယ်မြေ၌ လယ်မြေ (၃၅) ဧကကို သိမ်းယူပြီး အမှတ် (၈) စစ်မြေပြင် ဆေးတပ်ရင်းကလည်း စစ်တွေ–ရန်ကုန် အဝေးပြေးလမ်းပေါ်ရှိ ယိုးငန်းနှင့် သရက်ချိုကျေးရွာအကြားမှ လယ်မြေ (၃၁. ၅) ဧကကို သိမ်းခဲ့သည်။ နေရာတိုင်းမှာပင် လယ်သမားများအနေနှင့် မိမိတို့၏ အသိမ်းခံထားရသော လယ်ကိုပြန်လုပ်လိုပါက “စပါးတင်း (၆၀)”ပေးဆောင်ရမည်ဟု သတ်မှတ်သည်။[၃၇]




**ကျောက်ဖြူမြို့ရှိ၊ (၁၅)ဧကရှိသော ကြက်ဆူပင် စိုက်ခင်း**




**ကျောက်ဖြူမြို့နယ်အတွင်းရှိ (၅)ဧကရှိသော ကြက်ဆူပင်စိုက်ခင်း**

---

[၃၇] Primary Field research AASYC

## ကျောက်ဖြူမြို့နယ်၌ (ခမရ) (၂၃၂) က စပါးစိုက်ရန်အတွက် မြေကေ (၁၀၀)ကို သိမ်းယူခဲ့သည်။

အောက်ပါတို့သည် များမကြာသေးမီက ရခိုင်ပြည်နယ်၊ ပုဏ္ဏားကျွန်းမြို့နယ်နှင့် မြောက်ဦးမြို့နယ်တို့တွင် မြန်မာစစ်တပ်၏ မြေသိမ်းယူမှုအချို့ ဖြစ်သည်။

- ပုဏ္ဏားကျွန်းမြို့နယ် သဲတက်ကျေးရွာမှ ဦး (က) ပိုင်သော ဥယျာဉ် (၇) ကေကို (၂၀၀၈) ခုနှစ်၊ အောက်တိုဘာလ (၂၇) ရက်နေ့တွင် အကျဉ်းဦးစီးဌာန အာဏာပိုင်များက သိမ်းယူခဲ့သည်။
- သဲတက်ကျေးရွာမှ ဦး (ခ) (အသက် ၆၀) ပိုင်၊ သရက်ပင်(၃, ၀၀၀) ပါသော တန်ဖိုး (၇၀၀, ၀၀၀)ကျပ် (အမေရိကန်ဒေါ်လာ ၅၂၀) ရှိ သရက်ဥယျာဉ်ကို (၂၀၀၈) ခုနှစ် အောက်တိုဘာလ (၂၇) ရက်နေ့တွင် အကျဉ်းဦးစီးဌာန အာဏာပိုင်များက သိမ်းယူခဲ့သည်။
- သဲတက်ကျေးရွာမှ ဦး(ဂ) (အသက် ၄၀) ပိုင်၊ (သရက်၊ ငှက်ပျော၊ သံပုယာနှင့် အခြား သီးပင်စားပင်များပါသော) ဥယျာဉ်မြေ ကေတစ်ဝက်ကို (၂၀၀၈) ခုနှစ်၊ အောက်တိုဘာလ (၁၅) ရက်နေ့တွင် အကျဉ်းဦးစီးဌာန အာဏာပိုင်များက သိမ်းယူခဲ့သည်။
- သဲတက်ကျေးရွာမှ ဦး(ဂ) (အသက်၅၀)နှင့် ၎င်း၏ဇနီးဒေါ် (က) တို့၏ ဥယျာဉ်ကို (၂၀၀၈) ခုနှစ်၊ အောက်တိုဘာလ (၁၃) ရက်နေ့တွင် အကျဉ်းဦးစီးဌာန အာဏာပိုင်များက သိမ်းယူခဲ့သည်။
- သဲတက်ကျေးရွာမှ ဦး(ဃ) နှင့် ဒေါ် (ခ) တို့ပိုင် (၄) ကေရှိသော သရက်ခြံကို (၂၀၀၈) ခုနှစ်၊ အောက်တိုဘာလ (၁၂) ရက်နေ့တွင် အကျဉ်းဦးစီးဌာန အာဏာပိုင်များက သိမ်းယူခဲ့သည်။
- သဲတတ်ကျေးရွာမှ မ (က) နှင့် ဦး (င) တို့၏ သရက်ပင် (၂, ၄၀၀)ပါသော ဥယျာဉ်ကို အကျဉ်းဦးစီးဌာန အာဏာပိုင်များက သိမ်းယူခဲ့သည်။
- ပုဏ္ဏားကျွန်းမြို့နယ်၊ သဲတတ်ကျေးရွာမှ ဦး (စ) ပိုင်သော သရက်ခြံကို (၂၀၀၈) ခုနှစ်၊ အောက်တိုဘာလ (၁၅) ရက်နေ့တွင် အကျဉ်းဦးစီးဌာန အာဏာပိုင်များက သိမ်းယူခဲ့သည်။
- လယ်သမားတစ်ဦးဖြစ်သော ဦး (ဆ) ၏ နွားက အကျဉ်းဦးစီးဌာန၏ ရာဘာခြံအနီးတွင် မြက်စားမိရာ (၂၀၀၈) ခုနှစ်၊ အောက်တိုဘာ လ(၅) ရက်နေ့တွင် အကျဉ်းဦးစီးဌာန အာဏာပိုင်များက ဦး (ဆ) အား ဒဏ်ငွေ ကျပ် (၅, ၀၀၀) (အမေရိကန်ဒေါ်လာ ၃. ၇ ဒေါ်လာ)ရိုက်ခဲ့သည်။
- ဦးရွှေဆန်းသည် ကျောက်ဆိပ်ရွာ၏ ဥက္ကဋ္ဌဖြစ်သည်။ သူသည် သူ့ရွာသို့ အလည်ရောက်လာသူများအား "ခွင့်ပြုလက်မှတ်"တစ်စောင်လျှင် (၃, ၀၀၀)ကျပ် (အမေရိကန်ဒေါ်လာ ၂. ၂ ဒေါ်လာ) ဖြင့် ဝယ်ခိုင်းသည်။ သူ့ ရွာသို့လာရောက်သူများက ဤကိစ္စနှင့်ပတ်သက်၍ မေးကြည့်ရာ သူက သူသည် ဥက္ကဋ္ဌရာထူးအတွက် ငွေကုန်ခံခဲ့ရသဖြင့် ဤငွေအတွက် အစားပြန်ရရန်လိုသောကြောင့် ဖြစ်သည်ဟု ပြန်ဖြေခဲ့သည်။
- မြောက်ဦးမြို့နယ်၊ ချယ်ရီပရန်းကျေးရွာသားများပိုင်သော လယ်မြေ ကေ (၇၀၀) ကို (၂၀၀၈) ခုနှစ်၊ အောက်တိုဘာလ၊ (၁၃) ရက်နေ့တွင် မြန်မာစစ်တပ် (ခမရ) (၅၄၀) က သိမ်းယူခဲ့သည်။ ထို့ပြင် လယ်ပိုင်ရှင်တစ်ဦးချင်းအနေနှင့်လည်း လယ်တစ်ကေလျှင် စပါးတင်း (၁၀၀) နှုန်းဖြင့် စစ်တပ်ကို ပေးရမည်ဟု တောင်းသေးသည်။
- လိပ်ဆန်ပရမ်းကျေးရွာနှင့် သာပရေကန်းကျေးရွာတို့မှ လယ်ကေ (၇၀၀) ကို (၂၀၀၈) ခုနှစ်၊ အောက်တိုဘာလ (၁၅) ရက်နေ့တွင် မြနန်မာစစ်တပ် (ခမရ) (၅၄၀)က သိမ်းယူခဲ့သည်။ [၃၅]

---

[၃၅] FBR Arakan team report: Hunger and Malnutrition in Arakan & Chin States, November 2008



ကျောက်ဖြူမြို့ရှိ လယ်ကေ (၁၀၀) ကို (ခမရ) (၅၄၃) က သိမ်းထားပုံ



ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့နယ်တွင် လယ်ကေ (၂၅၀) ကို (ခမရ) (၅၄၂) က သိမ်းထားပုံ

*"အင်အားတိုးချဲ့နေလျက်ရှိသော စစ်တပ်အတွက် အရပ်သားများသည် မိမိတို့၏လယ်ယာမြေများမှနေ၍ မောင်းထုတ်ခံနေကြရသည်။ [၃၆]*

[၃၆] Nancy Hudson-Rodd: "Housing, Land, and Property Rights in Burma", October 2004 Centre for Housing Rights and Evictions (COHRE) Collingwood, Victoria, Australia

**ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့။** ။ (နအဖ) စစ်အစိုးရသည် ကျောက်ဖြူမြို့နယ်၊ အဝပြေကျေးရွာ၌ စခန်းတည်ဆောက်နေသော ခြေလျင်တပ်စခန်း ဌာနချုပ်လက်အောက်ခံ အမှတ် (၃) ဗျူဟာ ရေယာဉ်စုစခန်းအတွက် အဆောက်အဦး အများအပြား ဆောက်လုပ်လျက်ရှိသည်။ စစ်တပ်သည် ဒွေးချာ၊ မအူပြင်နှင့် စန်ပေချောင်ရွာများအပါအဝင် ပတ်ဝန်းကျင်ကျေးရွာများမှ လယ်မြေများကို လည်း သိမ်းယူလျက်ရှိသည်။

လျော်ကြေးတစုံတရာ မပေးဘဲ လယ်မြေဧက (၂၀၀) ခန့်ကို သိမ်းယူလိုက်ရာ ရွာသား (၅၀) ကျော်တို့ မြေယာလက်မဲ့ ဖြစ်ကုန်ကြသည်။ စစ်တပ်အဆောက်အဦးများဆောက်လုပ်ရာ၌ အတင်းအဓမ္မ လုပ်အားစေခိုင်းသည့်အပြင် ရွာသားများက (၃၀၀) နီးပါးခန့်ရှိသော စစ်သားများအတွက် ရိက္ခာများ ကိုလည်း ပေးရသေးသည်။

**"ဒီနေရာမှာ စစ်တပ်စခန်းဆောက်တာက စစ်တိုက်ဖို့မဟုတ်ဘူး။ ရခိုင်ကမ်းရိုးတန်းမှာ ရေနံနဲ့ ဓါတ်ငွေ့တူးဖော်နေတဲ့ နိုင်ငံခြားကုမ္ပဏီတွေကို ကာကွယ်စောင့်ရှောက်ပေးဖို့ပါပဲ။"** ဟု ကျေးရွာသားတစ်ဦးကပြောပါသည်။ [၃၇]

## ၄။ ၃။ စစ်တပ်များချထားခြင်းနှင့် လူ့အခွင့်အရေးချိုးဖေါက်မှုများ

(နအဖ) စစ်အစိုးရ၏ စစ်တပ်များတိုး၍ ချထားရေးပေါ်လစီကြောင့် စစ်တပ်များတိုး၍ချထားမှုတွင် လူမျိုးစု ကျေးရွာသားအများအပြားအဖို့ မိမိတို့၏မြေယာနှင့် အိုးအိမ်ပစ္စည်းများကို စွန့်လွှတ်ထွက်ပြေးကြရပါသည်။ ကျန်နေရစ်သူများအဖို့မှာလည်း မိမိတို့စိုက်ပျိုး၍မသင့်တော်သော သီးနှံများကို အတင်းအဓမ္မစေခိုင်း၍ စိုက်ပျိုး ရခြင်းနှင့် မသင့်တော်သောနည်းများကို အသုံးပြုရခြင်းတို့ကြောင့် ရိုးရာစိုက်ပျိုးနည်းများကို စွန့်လွှတ်ကြရသည်။ ကြက်ဆူပင်စိုက်ပျိုးရေးပေါ်လစီက ဤအချက်ကို အထင်ရှားဆုံးပြဆိုပါသည်။ ဤအစီရင်ခံစာ၏နောက်ပိုင်းတွင် ဤအချက်ကို ပို၍အသေးစိတ် ဖေါ်ပြပါမည်။

တချိန်တည်းမှာပင် မြန်မာစစ်တပ်၏မိသားစုများက မွန်ပြည်နယ်၊ အရှေ့ပိုင်းနယ်ခြားဒေသများနှင့် မြန်မာပြည် မြောက်ပိုင်းတို့တွင် မြေယာများကို တနေ့တခြားတိုး၍သိမ်းယူနေလျက်ရှိသည်။ ထိုမိသားစုများက အိမ်များ ဆောက်လုပ်ပြီး အခြားသူများထံရောင်းစားလေ့ရှိရာ အိမ်ရာလက်မဲ့ဖြစ်သွားသူများအဖို့ မိမိတို့ ပိုင်ခဲ့သော မြေနှင့်ပတ်သက်၍ ပိုင်ဆိုင်ခွင့်မရှိတော့ချေ။ "ဒီကိစ္စကိုကြည့်ရင် ဗဟိုအစိုးရရဲ့ပေါ်လစီ၊ စစ်တပ်ရဲ့ မြေယာ သိမ်းယူမှု၊ သိမ်းယူခဲ့တဲ့မြေတွေကို အမြတ်နဲ့ပြန်ရောင်းစားမှုတွေဟာ တဆက်တည်း ဖြစ်နေတာကို တွေ့ရ တယ်။"[၃၈]

ဥပဒေအရဆိုလျှင် နိုင်ငံတော်အစိုးရက မြေယာအားလုံးကိုပိုင်ပြီး လယ်လုပ်သူသည် လယ်လုပ်ပိုင်ခွင့်ကို အမွေ ပေးခွင့်ရှိသော်လည်း သူသည် လယ်လုပ်ပိုင်ခွင့်ရှိသူမျှသာဖြစ်သည်။ မြေယာကို တရားဝင်အားဖြင့် ရောင်းဝယ်ခွင့်

---

[၃၇] http://www.narinjara.com/details.asp?id=2002 (Narinjara News - 18th December 2008)

[၃၈] "Displacement & Dispossession: Forced Migration and Land Rights in Burma", The Centre on HousingRights & Evictions (Switzerland)

မရှိချေ။ သို့ရာတွင် (၁၉၉၀) ခုလွန်နှစ်များအတွင်းမှာ စစ်တပ်များတိုး၍ချထားရာ နယ်စပ်ဒေသများနှင့် လူမျိုးစုဒေသများတွင် မြေစာရင်းအင်းဌာနအရာရှိများက မြို့နယ်၊ ကျေးရွာ၊ ရပ်ကွက်ကောင်စီများနှင့်ပေါင်းကာ မြေယာပိုင်ဆိုင်ခွင့် စာရွက်၊ စာတမ်းများကို ပြောင်းလဲခြင်း (သို့မဟုတ်) မြေယာလုပ်ပိုင်ခွင့်ကို ပြန်လည်သတ်မှတ်ခြင်းများပြုခဲ့ကြသည်။ ဤသို့ လုပ်နိုင်ခြင်းမှာ စိုက်ပျိုးမြေ၊ ကွဲနွား စားကျက်မြေ၊ ဖုံဆိုးမြေတို့နှင့်ပတ်သက်၍ ဥပဒေပြဌာန်းချက်ချင်း မတူကွဲပြားနေသောကြောင့် ဖြစ်သည်။ ဤအကြောင်းနှင့်ပတ်သက်၍ နောက်ပိုင်းမှာ အသေးစိတ်ဖေါ်ပြပါမည်။[၃၉]

မြေယာသိမ်းယူခြင်းနှင့် ကပြောင်းကပြန် လုပ်ထားသောမြေယာပိုင်ဆိုင်မှုစာချုပ်စာတမ်းများကြောင့် မြန်မာနိုင်ငံ၏ အနာဂတ်နိုင်ငံရေးအကူးအပြောင်းတွင် အကြီးအကျယ် ရိုက်ခတ်မှုများရှိနိုင်ပါသည်။ (နအဖ) စစ်အစိုးရ၏ပေါ်လစီသည် မြန်မာမဟုတ်သော လူမျိုးစုများကို အတင်းအဓမ္မနေရာရွှေ့ပြောင်းစေကာ ထိုလူမျိုးစုများ၏ ပိုင်ဆိုင်သော အိုးအိမ်ပစ္စည်း ဥစ္စာ၊ ဝင်ငွေနှင့် အရင်းအနှီးပစ္စည်းများကို စစ်အစိုးရ၏ အခွင့်ထူးခံလူတန်းစား လက်ဝယ်သို့ ရောက်စေပါသည်။ နိုင်ငံရေးအကူးအပြောင်းဖြစ်သောအခါ၌ လူအတော်များများက မိမိတို့၏မြေယာကို စာရွက်စာတမ်းနှင့်တကွ အပိုင်စီးထားသည့် ပိုင်ရှင်သစ်များကို သွားရောက်ရင်ဆိုင်ကြပေလိမ့်မည်။ [၄၀]

## ၄။ ၃။ ၁။ အတင်းအဓမ္မလုပ်အားစေခိုင်းခြင်း

နောက်တိုး စစ်တပ် (သို့မဟုတ်) တပ်ရင်းများရောက်လာသည်နှင့်တပြိုင်နက် စစ်တန်းလျားများ၊ ကင်းစခန်းများနှင့် အခြားသော စစ်ဘက်ဆိုင်ရာအဆောက်အဦးများအတွက် အတင်းအဓမ္မလုပ်အားစေခိုင်းမှုများနှင့် မြေသိမ်းယူမှုများတိုး၍ ဖြစ်ပွားလာခဲ့သည်။ ငွေနှင့်ပစ္စည်းများကို အနိုင်ကျင့်တောင်းခြင်း၊ လူမျိုးစုပြည်သူများနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်ခြင်းတို့သည်လည်း တိုး၍ဖြစ်ပွားလာခဲ့သည်။ အကျိုးဆက်ကား လွတ်လပ်စွာလှုပ်ရှားခွင့်၊ လွတ်လပ်စွာစုဝေးခွင့်၊ လွတ်လပ်စွာပြောဆိုခွင့်နှင့် လွတ်လပ်စွာပုံနှိပ်ထုတ်ဝေခွင့်ဟူ၍ ဘာတစ်ခုမျှမရှိခြင်းပင် ဖြစ်သည်။ [၄၁]

မွန်ပြည်နယ်၊ ခေါဇာမြို့နယ်ခွဲမှာ စစ်တပ်များချထားမှုကြောင့် လူ့အခွင့်အရေးချိုးဖေါက်မှုများ အကြီးအကျယ်တိုး၍ ဖြစ်ပွားခဲ့သည်။ ကျေးရွာများမှနေ၍ သီတင်းတစ်ပတ်လျှင် ပေါ်တာ (၅) ယောက်ရွေး၍ ပို့လွှတ်ပေးရသည်။ ထိုပေါ်တာများသည် စစ်တပ်အတွက် ရိက္ခာနှင့် ခဲယမ်းမီးကျောက်များသယ်ပေးရပြီး မိမိတို့၏ အလုပ်ပျက်သည့်အတွက် အခကြေးငွေသော်လည်းကောင်း၊ လျော်ကြေးသော်လည်းကောင်း မရရှိကြချေ။ နယ်ခံရွာသားများသည် ရေးမြို့၊ ခေါဇာမြို့နယ်ခွဲနှင့် ရေးမြို့နယ်အစွန်းအဖျားနှင့် ဆက်သွယ်သောလမ်း ကိုဖေါက်လုပ်ရာ၌လည်း အခကြေးငွေမရဘဲ အတင်းအဓမ္မ လုပ်အားဆင့်ဆိုခံရသည့်အပြင် စစ်တန်းလျားများဆောက်လုပ်ရာ၌လည်း အလုပ်လုပ်ပေးရသည်။ အကယ်၍ ခိုင်းသည့်အတိုင်း လုပ်မပေးပါက သူပုန်ကိုထောက်ခံအားပေးသူများအဖြစ် စွပ်စွဲပြီး ဖမ်းလား ဆီးလားလုပ်ကာ ပြင်းပြင်းထန်ထန် ဒဏ်ခတ်အရေးယူသည်။ [၄၂]

---

[၃၉] ibid

[၄၀] ibid

[၄၁] "Supply and Command: Natural Gas in Western Burma Set to Entrench Military Rule" – AASYC, July 2006. p 22

[၄၂] Primary field research MYPO



**မြန်မာစစ်သားများက ပေါ်တာတစ်ဦးကို ပစ္စည်းများသယ်ခိုင်းနေပုံ** [၅၃]

(၂၀၀၈) ခုနှစ်၊ မေလတွင် နယ်မြေစစ်တပ်က ရခိုင်ပြည်နယ်၊ တိမ်ညိုကျေးရွာမှ ရွာသားများအား စစ်တွေ–ရန်ကုန် အဝေးပြေးလမ်းမကြီးပြင်ဆင်ရာ၌ အတင်းအဓမ္မအလုပ်စေခိုင်းခဲ့သည်။ ရွာသားများသည် အခကြေးငွေမရဘဲ အလုပ်လုပ်ပေးကြရသည်။ အကယ်၍ ပျက်ကွက်ပါက ဒဏ်ငွေကျပ် (၅,၀၀၀) (အမေရိကန်ဒေါ်လာ ၃. ၇ ဒေါ်လာ) ရိုက်သည်။ ဒဏ်ငွေမပေးဆောင်နိုင်ပါက စစ်တပ်စခန်းထဲမှာ (၇) ရက် အချုပ်ခံရပြီး အလုပ်ကြမ်းနှင့် ထမင်းချက်အလုပ်များကို လုပ်ရသည်။ [၅၄]

ရခိုင်ပြည်နယ်၊ မင်းပြားမြို့နယ်၊ စွန်ရဲ၊ ကြောင်ရီချောင်း၊ ချောင်းရီ၊ ပလီပေါက်ကျေးရွာတို့မှ ရွာသူရွာသားများအား မိုးရာသီမှာ ပျက်စီးသွားခဲ့သော အဝေးပြေးလမ်းမကြီးကို ပြုပြင်ရန်အတွက် အာဏာပိုင်များက အတင်းအဓမ္မ အလုပ်စေခိုင်းခဲ့သည်။ ရွာသူရွာသားများသည် လုပ်ခမရသည့်အပြင် အကယ်၍ အလုပ်လုပ်မပေးပါက ဒဏ်ငွေ (၅,၀၀၀) ကျပ် (အမေရိကန်ဒေါ်လာ ၃.၇ ဒေါ်လာ)ပေးဆောင်ရမည်ဟုလည်း ခြိမ်းခြောက်ခံရသေးသည်။ "ဒီရွာ (၄) ရွာတင် ဘယ်ဟုတ်ဦးမလဲ၊ လမ်းနဲ့နီးတဲ့ တခြားရွာတွေက လူတွေကိုပါ လမ်းပြင်ရာမှာ ခိုင်းလိုက်သေးတယ်။"ဟု ဒေသခံကျောင်းဆရာတစ်ဦးကပြောပြပါသည်။[၅၅]

အလားတူပင် မွန်ပြည်နယ်၊ ယင်းရဲရွာမှနေ၍ ဟလော့ခနီ စခန်းသို့ထွက်ပြေးလာခဲ့ကြသော ရွာသားများ၏ ပြောပြချက်အရ သီတင်းတစ်ပတ်လျှင် စစ်တပ်အတွက် ထမင်းဟင်းချက်ပေးရန် လူ (၅) ယောက်ကျစီ ထမင်းချက်ပေးရပြီး နေ့စဉ် ဆီအပြည့် ထည့်ထားသော မော်တော်ဆိုင်ကယ် (၂) စီးကို စစ်တပ်သို့ ပို့ပေးထားရသည် ဟုသိရသည်။[၅၆]

---

[၅၃] www.prayforburma.org/.../images/2008_pfe_01.jpg

[၅၄] Primary field research AASYC

[၅၅] Narinjara News 10/11/2008 (http://www.narinjara.com/details.asp?id=1965)

[၅၆] Primary field research MYPO




**ရခိုင်ပြည်နယ်တွင် ရွာသားများအား လမ်းပြင်ရာ၌ အတင်းအဓမ္မ အလုပ်စေခိုင်းနေပုံ**

(၂၀၀၇) ခုနှစ်၊ နိုဝင်ဘာလမှ (၂၀၀၈) ခုနှစ် ဇန်နဝါရီလ (၁) ရက်နေ့အထိ၊ ရှမ်းပြည်နယ်၊ ထောဒေးကျေးရွာမှ ရွာသားများကို မြန်မာစစ်တပ်က သီတင်းတပတ်လျှင် (၂) ကြိမ်၊ (၃) ကြိမ် ပေါ်တာလိုက်ခိုင်းနေရာ နောက်ဆုံး၌ ရွာရှိ အိမ်ထောင်စု (၁၆) စုအနက် (၉) စု ထွက်ပြေးသွားရတော့သည်။ [၅၇]




**ဆီဆိုင်ရဲတပ်ဖွဲ့က သိမ်းထားသောလယ်ယာမြေများမှာ ပအိုဝ်းရွာသားများအား အလုပ်စေခိုင်းနေပုံ**

[၅၇] Free Burma Rangers Lahu Relief Team Report, September 2008

ရှမ်းပြည်နယ်တောင်ပိုင်းရှိ ဆီဆိုင်နယ်မြေအတွင်း၌ စစ်တပ်က ကျေးရွာပိုင်မြေများကို သိမ်းယူကာ ရွာသားများအား ကြက်ဆူနှင့် အခြားသီးနှံပင်များကို မစိုက်မနေရ စိုက်ခိုင်းခဲ့သည်။ သီးနှံမပေါ်မီ စစ်တပ်က ရွာသားများကို ပေါင်း၊ မြက် ရှင်းခိုင်းပြန်သည်။ ထို့နောက် သီးနှံပေါ်သောအခါ၌ သီးနှံများကို ရိပ်သိမ်းခိုင်းပြီး တပ်ရင်းစခန်းထဲသို့ အရောက်သယ်ပို့စေခဲ့သည်။ [၄၈]

(၂၀၀၈) ခုနှစ်၊ ဇူလိုင်လတွင် အမှတ် (၉၀၃) စစ်မြေပြင် အင်ဂျင်နီယာတပ်ရင်းက ပင်းပက်သတ္တုတူးဖော်ရေး စီမံချက်နယ်မြေ အနီးပတ်ဝန်းကျင်ရှိ ကျေးရွာ (၆) ရွာအား ထိုရွာသားများ၏ ယာမြေထဲမှာပင် ကြက်ဆူပင်များကို စိုက်ပျိုးရမည်ဟု အမိန့်ထုတ်သည်။ ယာမြေ (၄) ဧက ပိုင်သူသည် ကြက်ဆူပင်ကို (၂) ဧက စိုက်ပေးရသည်။ အမိန့်ကို မနာခံပါက ထိုမနာခံသူ၏ယာခင်းများကို မြေတူးစက်ဖြင့် ထိုးပစ်ပြီး စစ်တပ်က ကြက်ဆူပင်များ စိုက်ပစ်မည်ဟု ဆိုသည်။ [၄၉]

## ၄။ ၃။ ၂။ မြန်မာဇာတ်သွင်းခြင်း

မြန်မာစစ်အစိုးရ ကြံဆထားသော အာဏာမြဲရေးနည်းလမ်းတစ်ခုမှာ “မြန်မာဇာတ်သွင်းရေး” ပေါ်လစီပင် ဖြစ်သည်။ စစ်တပ် အများအပြားကို လူနည်းစု တိုင်းရင်းသားများနေထိုင်ရာ နယ်စပ်ဒေသများတွင် တိုးချဲ့ချထားသဖြင့် ရွာသားများထံမှ သိမ်းယူထားသောမြေယာများသို့ စစ်သားများက ၎င်းတို့၏မိသားစုများကို အဝေးမှ ခေါ်သွင်းလာခြင်းဖြင့်သော်လည်းကောင်း၊ နယ်ခံအမျိုးသမီးများနှင့် အိမ်ထောင်ပြုရန် အားပေးခြင်းသော်လည်းကောင်း ဗမာလူမျိုး များလာစေရေး ပြုကြသည်။ စစ်သားများအား လုပ်ငန်းကန်ထရိုက်များ ချပေးသည်။ လုပ်ငန်းပိုင်ဆိုင်ခွင့်များကို နယ်ခံပြည်သူများ၏ လက်ဝယ်မှနေ၍ ဒေသ (သို့) နယ်မြေအာဏာပိုင်များ၏ လက်ဝယ်သို့ တရားမဝင်နည်းလမ်းဖြင့် လွှဲပြောင်းပေးသည်။ ထို့ပြင် မြန်မာဘာသာစကားသာလျှင် တိုင်းပြည်၏တစ်ခုတည်းသော ဘာသာစကား ဖြစ်လာအောင် ဥပဒေများထုတ်၍ တိုင်းရင်းသားဘာသာ စကားသင်ကြားမှုကို တရားမဝင် ဖြစ်စေသည်။ သို့တည်းမဟုတ် တိုင်းရင်းသားဘာသာစကားများကို ဆက်လက်သင်ကြားပါက ကျောင်းများကိုပိတ်ပစ်မည်ဟု ခြိမ်းခြောက်သည်။ ဤဝါးမြိုရေးပေါ်လစီဖြင့် (နအဖ) စစ်အစိုးရသည် လူနည်းစု တိုင်းရင်းသားများ၏ ယဉ်ကျေးမှုများ ရောနှော တိမ်ကောသွားအောင်နှင့် မြန်မာ (ဗမာ) မျိုးနွယ်၏ ဩဇာအရှိန်အဝါ ပျံ့နှံ့အောင်ကြိုးစားသည်။

(၂၀၀၃) နှင့် (၂၀၀၄) ခုနှစ်တွင် မွန်ပြည်နယ်၌ ခေါဇာနှင့် လမိုင်းမြို့နယ်ခွဲတို့ကို ဖွဲ့စည်းပြီးနောက်တွင် စစ်အစိုးရသည် လမိုင်းမြို့နယ်ခွဲနှင့် တမော့ကနင်ကျေးရွာအကြား မော်တော်ကားလမ်းတလျှောက်ရှိ မြေဧက (၁၀၀) ကို သိမ်းယူပြီးနောက် စစ်တပ်မိသားစုများ အခြေချနေထိုင်စေရန်အတွက် “စွန့်ပစ်ထားသော မြေယာများ”ဟု ဆိုင်းဘုတ်များကို လိုက်လံ စိုက်ထူထားလိုက်သည်။ ထို့နောက်တွင်မှ စစ်သားမိသားစုများကို ဤမြေများတွင် နေရာချထားပေးခြင်းပြုသည်။ “ဒီဗမာတွေရောက်ပြီးတဲ့နောက်မှာ ဗမာစကားပြောတဲ့လူတွေ တနေ့တခြားပိုများလာတယ်။ ဗမာတွေနဲ့ အိမ်ထောင်ပြုတဲ့ လူငယ်တွေလည်း မနည်းတော့ဘူး။ ဒါ့ကြောင့် ဗမာပြည်အလယ်ပိုင်းက ဗမာတွေလာနေကြလို့ တို့မွန်စကား၊ မွန်စာဟာ ပျောက်သွားတော့မယ့် အန္တရာယ်ရှိနေတယ်။”ဟု အသက် (၆၀) အရွယ်ရှိသူ ဟန်ဂံ ကျေးရွာသားတစ်ဦးက ဆိုပါသည်။ [၅၀]

---

[၄၈] Primary field research PYO

[၄၉] Primary field research PYO

[၅၀] Primary field research MYPO

တပ်ရင်းတစ်ရင်းသည် နယ်မြေတစ်ခုတွင် (၄) လသာ အခြေချနေပြီး အလှည့်ကျ ပြောင်းရွှေ့နေစေသည်။ (ခမရ–၂၀) တာဝန်ကျစဉ်ကာလအတွင်း၌ ရခိုင်ပြည်နယ်၊ '*** * **ကျေးရွာ၊ r**ကျေးရွာ၊ u**ကျေးရွာ၊ e**ကျေးရွာနှင့် သဂဂကျေးရွာ (သတင်းပေးသူများ၏ လုံခြုံရေးအတွက် ကျေးရွာအမည်များကို ကွယ်ဝှက်ထားပါသည်) တို့မှ အမျိုးသမီး (၅) ဦးသည် မြန်မာစစ်သားများနှင့် အိမ်ထောင်ပြုခဲ့သည်။ နှစ်ဦးမှာ မိဘများက ဆင်းရဲပြီး အငတ်ဘေးဒဏ်ခံနေရကြရသောကြောင့် သူတို့၏သမီးများ လက်ထပ်လိုက်ရခြင်း ဖြစ်သည်။ တစ်ဦးကမူ မိမိချစ်ခင်နှစ်သက်၍ လက်ထပ်ခြင်းဖြစ်သော်လည်း အခြားတဦးမှာမူ အတင်းအဓမ္မ လက်ထပ်ခိုင်း၍ လက်ထပ်လိုက်ရခြင်းဖြစ်သည်။ [၅၁]

## ၄။ ၃။ ၃။ လိင်မှုဆိုင်ရာ ရမ်းကားမှုများနှင့် မုဒိမ်းမှုများ

တိုင်းပြည်တဝှမ်းလုံးမှာ စစ်တပ်များတိုး၍ ချထားခြင်းကြောင့် နောက်ထပ်ဖြစ်ပွားသောအန္တရာယ်တစ်ခုမှာ လုံခြုံရေးအတွက် အန္တရာယ်တိုးလာခြင်းဖြစ်သည်။ မြို့ထဲ၊ ရွာထဲတွင် စခန်းချသော စစ်သားများသည် အမျိုးသမီးနှင့် မိန်းကလေးငယ်များကို မုဒိမ်းကျင့်မှုများနှင့် လိင်မှုဆိုင်ရာ ရမ်းကားမှုဖြစ်ရပ်များ အများအပြား ဖြစ်ပေါ်လာစေသည်။

သာခေအအားဖြင့်ဖော်ပြရသော် (၂၀၀၄) ခုနှစ်၊ အောက်တိုဘာလအတွင်း၌ (ခမရ–၄၂၄) မှ စစ်သား (၄) ယောက်သည် ကျောင်းလွှတ်ပြီးချိန်၌ အလယ်တန်းကျောင်းသူ (၃) ဦးကို မုဒိမ်းကျင့်ခဲ့သည်။ ထိုမိန်းကလေး (၃) ဦးသည် ရှက်လွန်းသောကြောင့် ကျောင်းထွက်ပြီး ပညာရေးကို စွန့်လွှတ်လိုက်ခဲ့ကြသည်။ (၂၀၀၅) ခုနှစ်၊ ဇူလိုင်လအတွင်းကလည်း ဆီဆိုင်မြို့၊ မြကန်သာရပ်ကွက်မှ အမျိုးသမီးတစ်ဦး ရေချိုးနေစဉ်မှာ မြန်မာစစ်သား တစ်ယောက်က အနိုင်ကျင့် ရမ်းကားခဲ့သည်။ ရွာသားများက အမှုကိုစစ်ဆေးပေးပါရန် ထိုစစ်သား၏ အရာရှိထံ တိုင်ကြားခဲ့သော်လည်း အရေးယူပေးခြင်း မရှိခဲ့ချေ။ [၅၂]

ထို့အပြင် ပလက်ဝမြို့နယ်၏ အထက်ပိုင်နယ်မြေ၌ (ခမရ–၂၀) ၏ တပ်ရင်းမှူး သန့်ဇင်ထွန်းသည် မုဒိမ်းမှုဖြင့် အမှုဖွင့်ခံရကာ တရားရုံးမှာ တရားစွဲဆိုခံခဲ့ရသည်။ [၅၃]

### မိသားစုတစ်စုအကြောင်း

ရခိုင်ပြည်နယ် ပေါက်တောမြို့မှ မိသားစုတစ်စုသည် မြန်မာစစ်တပ်မှ တပ်ကြပ်တစ်ဦးက ဖျားယောင်းသွေးဆောင် ပြီး စစ်တပ်ထဲ ဆွဲသွင်းခံထားရသော သားဖြစ်သူကို စစ်တပ်ထဲမှ ပြန်နှုတ်ယူနိုင်ရေးအတွက် ငွေကျပ် (၉၀၀,၀၀၀) (အမေရိကန်ဒေါ်လာ ၆၆၆.၆၇ ဒေါ်လာ) ကုန်ကျခံခဲ့ရသည်။

စစ်တပ်ထဲသို့ဝင်ရန် ဖျားယောင်းခံခဲ့ရသူမှာ ပေါက်တောမြို့နယ် ပရိန်တောင်ကျေးရွာမှ ဦးမြင့်ထွန်း၊ ဒေါ်စိန်း နှင်းတို့၏သား မောင်ထွန်းဝေ (အသက် ၁၉–နှစ်) ဖြစ်သည်။

[၅၁] Free Burma Rangers Arakan Relief Team Report, July 2008

[၅၂] Primary field research PYO

[၅၃] Free Burma Rangers Arakan Relief Team Report, July 2008

ဘတ်စ်ကားစောင့်နေစဉ်မှာ မောင်ထွန်းဝေကို လူတစ်ယောက်က သူ့အိမ်သို့ လိုက်လည်ရန် ခေါ်သွားခဲ့သည်။ မောင်ထွန်းဝေကို အိမ်သို့ခေါ်သွားရမည့်အစား ပြည်မြို့ရှိ စစ်သားစုဆောင်းရေး တပ်ဖွဲ့တစ်ဖွဲ့ဆီသို့ခေါ်သွားပြီးနောက် တပ်သားသစ်အဖြစ် စာရင်းသွင်းလိုက်သည်။ ရန်ကုန်မြို့ရှိ ဒညင်းကုန်း တပ်ဖွဲ့သို့မပို့မီ စစ်သားစုဆောင်းရေးတပ်တွင် တစ်လနီပါးကြာမျှနေခဲ့ရသည်။ ထို့နောက် အခြေခံ စစ်သင်တန်းအမှတ်စဉ် (၁၂/၂၀၀၈) အတွက် ဖေါင်ကြီးရှိ အမှတ် (၁) အခြေခံ စစ်လေ့ကျင့်ရေးတပ်သို့ အပို့ခံခဲ့ရသည်။ နောက်တစ်လအကြာတွင် မောင်ထွန်းဝေက သူ့မိဘများနှင့် ဆက်သွယ်လိုက်ရာ လေ့ကျင့်ရေးတပ်သို့ အပြေးအလွှား ရောက်လာခဲ့ကြ သည်။ နောက်ဆုံး၌ သူ့မိဘများက စစ်တပ်ပွဲစားမှ တဆင့် သင်တန်းမှူးကို ကျပ် (၃၀၀, ၀၀၀)၊ သင်တန်းကျောင်း အုပ်ကြီးကို ကျပ် (၄၀၀, ၀၀၀)၊ ပွဲစားကို ကျပ် (၂၀၀, ၀၀၀) လာဘ်ထိုးလိုက်မှသာ ပွဲစားက လွှတ်ပေးမည်ဟု အာမခံခဲ့သည်။ လာဘ်ထိုးပြီးနောက် မောင်ထွန်းဝေသည် ကျန်းမာရေး ညံ့ဖျင်းလွန်းသောကြောင့် စစ်တပ်မှာ တာဝန်ထမ်းဆောင်ရန် မသင့်ဟူ၍ ဆေးစစ်ချက်ကို ထုတ်ပေးကာ လွှတ်ပေးခဲ့သည်။

## ၄။ ၃။ ၄။ စစ်တပ်ထဲသို့ အတင်းအကျပ် ဆွဲသွင်းခြင်း

(၁၉၈၈) ခုနှစ် ဒီမိုကရေစီ တောင်းဆိုသော ဆန္ဒပြပွဲများကို ရက်ရက်စက်စက်နှိပ်ကွပ်ပြီးနောက်ပိုင်းတွင် မြန်မာစစ်တပ်အဖို့ တပ်သားသစ်များ လိုသလောက်ရရှိရေးမှာ အခက်ကြုံသွားတော့သည်။ တချိန်တည်းမှာပင် (နဝတ) စစ်အစိုးရ၏ အာဏာဆက်မြဲရေးအတွက် စစ်တပ်များတိုး၍ ချထားရေးပေါ်လစီအရ စစ်အင်အားကို ဆက်လက် တိုးချဲ့သွားရန် မဖြစ်မနေ လိုအပ်နေပါသည်။ တတိုင်းပြည်လုံးရှိ လူငယ်အများကို  စစ်တပ်ထဲသို့ အတင်းအကျပ် ဆွဲသွင်းခြင်းအားဖြင့် စစ်သားစုဆောင်းသည့် (ကလေးစစ်သားစုဆောင်ခြင်း အပါအဝင်ဖြစ်သည်) ပေါ်လစီ ဖြစ်ပေါ် လာခဲ့ပါသည်။ (နအဖ) စစ်အစိုးရက “မြန်မာ့ တပ်မတော်သည် မိမိဆန္ဒအလျောက် စစ်မှုထမ်းသူများ၏ တပ်မတော် ဖြစ်သည်”ဟု လည်းကောင်း၊ “တပ်သားသစ်အဖြစ် သတ်မှတ်ထားသော အနိမ့်ဆုံးအသက်သည် (၁၈) နှစ်ဖြစ်သည်” ဟု လည်း တရားဝင်ဆိုပါသည်။[၃၄] သို့ရာတွင် ဤစကား မမှန်ကြောင်း ပြသနိုင်သော အထောက်အထားများစွာ ရှိနေပါ သည်။ ကုလသမဂ္ဂ၏ (၁၉၉၅) ခုနှစ် လေ့လာချက် စာတမ်းတစ်စောင်၌ မြန်မာစစ်တပ်မှာ အသက် (၁၈) နှစ်အောက် ကလေး (၅၀, ၀၀၀) ပါဝင်နေသည်ဟု ထည့်သွင်းဖေါ်ပြထားခဲ့သည်။ ထိုအချိန်ကာ လက စစ်သားအင်အားသည် (၂၆၅, ၀၀၀) ရှိသည်ဟု ခန့်မှန်းထားခဲ့ရာ ကလေးစစ်သားဦးရေသည် စစ်အင်အား အားလုံး၏ (၁၉%) ဖြစ်နေပါသည်။ [၃၅]

(၂၀၀၇) ခုနှစ်တွင် စုစုပေါင်းစစ်သားအင်အား (၃၅၀, ၀၀၀)ခန့်အနက် ကလေးစစ်သားဦးရေသည် (၇၀, ၀၀၀) အထိ တိုးလာခဲ့သည်။[၃၆] (နအဖ)သည် စစ်တပ်အင်အားနှင့်ပတ်သက်သော ကိန်းဂဏန်းအတိအကျကို ဘယ်သောအခါကမျှ အများသိ ထုတ်ဖေါ်ခဲ့ခြင်း မရှိခဲ့ချေ။ သို့သော်လည်း လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့ (Human Rights Watch)က စစ်သားဟောင်းများကို တွေ့ဆုံမေးမြန်းရာတွင် ရရှိခဲ့သောဖြေကြားချက်များအရ ကြည့်မည်ဆိုလျှင် မြန်မာစစ်တပ်၏ တပ်သားသစ် (၃၅ % မှ ၄၅%) သည် (၁၈) နှစ်အောက် အရွယ်များ

[၃၄] “My Gun Was As Tall As Me” – Kevin Heppner & Jo Becker: Human Rights Watch: http://www.hrw.org/ reports/2002/burma/Burma0902-04.htm

[၃၅] “Children: The Invisible Soldiers” - Rachel Brett and Margaret McCallin, Save the Children Sweden, 1998.

[၃၆] “Despite Promises: Child Soldiers in Burma’s Armed Forces” – Human Rights Education Institute of Burma, March 2006 p.12

ဖြစ်ပြီး (၁၅% မှ ၂၀ %) သည် (၁၅) နှစ်အောက် အရွယ်များဖြစ်သည်ဟု ဆိုနိုင်သည်။[၅၇] ယနေ့တွင် မြန်မာနိုင်သည် ကမ္ဘာပေါ်တွင် ကလေးစစ်သားအများဆုံးတိုင်းပြည် ဖြစ်သည်ဟု ယူဆရသည်။

## ၅၊ မြေသိမ်းခြင်း

### ၅။ ၁။ စားကျက်မြေများကို သိမ်းခြင်း

ဟိုပုံး၊ တောင်ကြီး၊ ဆီဆိုင်မြို့နယ်များနှင့် မွန်ပြည်နယ်တို့တွင် ကျေးရွာသူ၊ ကျေးရွာသား အတော်များများသည် စား၊ ဝတ်၊ နေရေးအတွက် ကျွဲ နွား၊ ဆိတ်၊ ဝက်၊ သိုးနှင့် ကြက်ငှက်တိရစ္ဆာန်များ မွေးမြူကြသည်။ စစ်တပ်က ကျေးရွာအနီးအနားရှိ မြေယာများကို သိမ်းယူလိုက်သောအခါ၌ တိရစ္ဆာန်များအတွက် လွှတ်ကျောင်းစရာ စားကျက်မြေများ မရှိတော့ဘဲ ဖြစ်ခဲ့ရသည်။ သို့ဖြစ်ရာ ကျွဲနွားတိရစ္ဆာန်များကို ရွာနှင့် ဝေးဝေးမှာ ထားကြရသဖြင့် ကျွဲ၊ နွားခိုးမှုများ ဖြစ်ပွားလာခဲ့သည်။ ဤအချက်ကြောင့် ရွာသားများအဖို့ ကျွဲ နွားကျောင်းပေးမည့် နွားကျောင်းသားများအတွက် အခကြေးငွေ အပို အကုန်အကျ ခံကြရလေသည်။

လွယ်အွန်း၊ လွယ်ပေါ်၊ ကျန်းင်ကျုတ်၊ နမ်းဖော်ဟွန် (ရှမ်းပြည်တောင်ပိုင်း ဟိုပုံးမြို့နယ်ရွာ) ကျေးရွာများ၏အနီးအနားရှိ စားကျက်မြေ အများအပြားကို စစ်အစိုးရက သိမ်းယူခဲ့သည်။ ထို့အပြင် ကြက်ဆူပင်စိုက်ခင်းများနှင့် စစ်တပ် စခန်းနယ်မြေထဲသို့ ဝင်ရောက်သော ကျွဲ၊ နွားများကိုလည်း ဖမ်းဆီးခဲ့သည်။ ဖမ်းမိသောနွား (သို့မဟုတ်) ကျွဲတစ်ကောင်ကို ပြန်လွှတ်ပေးရေး အတွက် ဒဏ်ငွေ (၆,၀၀၀) ကျပ် မှ (၈,၀၀၀) ကျပ် (အမေရိကန်ဒေါ်လာ ၄.၅၀ မှ ၆ ဒေါ်လာ) သတ်မှတ် သည်။ [၅၈] စားကျက်မြေများကို သိမ်းယူလိုက် ခြင်းကြောင့် ကျေးရွာသားများအဖို့ ကျွဲနွားများကို ဝဝလင်လင် မကျွေးနိုင်တော့ချေ။ ကျွဲနွားချို့တဲ့မှုကြောင့် တောင်သူလယ်သမားများ၏ လယ်ယာစိုက်ပျိုးထုတ်လုပ်မှုကို ထိခိုက်စေပါသည်။ အကြောင်းမှာ ကျွဲနွားများ၏ အညစ်အကြေးများကို သဘာဝ မြေဩဇာအဖြစ် အသုံးပြုနေရသောကြောင့် ဖြစ်သည်။

နယ်မြစ်စစ်အာဏာပိုင်များနှင့်ပေါင်း၍ အင်းပေါက်ဝ (Impaukwa)ကုမ္ပဏီက အောင်ဖြူပြင်နှင့် ပန်းနီလာကျေးရွာအကြားရှိ ဒေသခံပြည်သူများပိုင်သော စားကျက်မြေဧက (၈၀၀) ကို သိမ်းယူခဲ့သည်။ ဤစားကျက်မြေသည် (၂၀၀၅) ခုနှစ်က ကုလားတန်မြစ် အနောက်ဖက်ပိုင်း အဝေပြေးလမ်းမကြီးလျှောက်နှင့် ပုဏ္ဏားကျွန်းမြို့နယ်မြောက်ပိုင်းတွင် တည်ရှိခဲ့ခြင်း ဖြစ်သည်။ ပိုင်ရှင်များကို လျော်ကြေးတစုံတရာပေးခြင်း မရှိခဲ့ချေ။ တကယ့်လက်တွေ့မှာမူ ဤမြေကွက်များကို သံဆူးကြိုးကာရန်အတွက် ကျေးရွာသားအများအပြားအား မလုပ်မနေရ လုပ်အားပေးရန် စေခိုင်းခဲ့သည့်အပြင် **"ဤသိမ်းယူထားသော မြေပေါ်သို့ ကျူးကျော်ခြင်း မပြုရ"** ဟူသော စာတန်းများစိုက်ထူထားခဲ့သည်။ [၅၉]

ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့ယ်၊ အဝပြေကျေးရွာတွင် အမှတ် (၃) ဗျူဟာရေယာဉ်ရေစုစခန်းကို တည်ဆောက်ရာ၌ စစ်တပ်က ဒေသခံကျေးရွာသား အများအပြား၏ စားကျက်မြေများ သိမ်းယူခဲ့ကြသည်။ "ကျနော်တို့ရဲ့ ကျွဲနွားတွေ စားကျက်ထဲမှာစားနေတာတွေ့ရင် စစ်တပ်အာဏာပိုင်တွေက အပြစ်ပေးတာတို့ ဒဏ် ရိုက်တာတို့ လုပ်တယ်။ သိမ်းထားတဲ့ မြေကွက်ထဲမှာ နွားတစ်ကောင်ကို ဖမ်းမိရင် စစ်တပ်ကို ဒဏ်ငွေအနေနဲ့ ငွေ (၅,၀၀၀)

[၅၇] "Despite Promises: Child Soldiers in Burma's Armed Forces" – Human Rights Education Institute of Burma, March 2006 p.12

[၅၈] Primary field research PYO—Interview 13

[၅၉] Primary field research AASYC

ပေးရတယ်။ စစ်တပ်တွေ ကျနော်တို့နယ်ထဲကို ရောက်လာပြီးတဲ့နောက် သူတို့စစ်တန်းလျားတွေ ဆောက်ပေးရမယ့်ကိစ္စဟာ ကျနော်တို့အဖို့ ရောမ ဒုက္ခကြီးပါပဲဗျာ။”[၆၀] ဟု ရွာသားတစ်ဦးက ဆိုသည်။



**လယ်သမားများသည် မိမိတို့၏ စားကျက်မြေများ အသိမ်းခံရပြီးနောက်ပိုင်း ကျွဲနွားများကို လှောင်ခြံများထဲမှာ လှောင်ထားကြရပုံ**




**စားစရာစားကျက် မရှိသော ရခိုင်ပြည်နယ်မှ ကျွဲနွားများ**

## ၅။ ၂။ အိမ်နီးချင်းတိုင်းပြည်များသို့ ပြောင်းရွှေ့သွားကြခြင်း

ဆည်၊ လမ်း၊ တံတား၊ မီရထားလမ်းကဲ့သို့သော အမျိုးသားဖွံ့ဖြိုးရေးစီမံကိန်းကြီးများ ဖေါ်ဆောင်မှုအတွက်

[၆၀] http://www.narinjara.com/details.asp?id=2002 (Narinjara News - 18th December 2008)

လူအများ အတင်း အဓမ္မ နေရာရွှေ့ပြောင်းခံရခြင်းများနှင့် ပြည်တွင်းစစ်ကြောင့် အိုးအိမ်အခြေပျက်ရခြင်းများကို ကြည့်လျှင် စစ်အစိုးရက လူတစ်ဦးချင်း၏ လူ့အခွင့်အရေးကို လုံးဝအရေးမထားကြောင်း ပေါ်လွင်နေပါသည်။ ထို့အပြင် လူအတော်များများသည် ပညာရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းမရှိခြင်းကြောင့်လည်းကောင်း၊ မတော်မတရား အခွန်ကောက်ခံခြင်းနှင့် မြေယာသိမ်းယူခြင်းကြောင့်လည်းကောင်း ထွက်ပြေးကြရသည်။ လူနည်းစု အမျိုးသားများ၏ နယ်စပ်ဒေသများကို စစ်အစိုးရက ထိန်း ချုပ်ရန်ကြိုးပမ်းမှုကြောင့် ပြည်တွင်းမှာ မိမိတို့ကျေးရွာများကို စွန့်ခွာနေ ထိုင်ရသူပေါင်း (၁) သန်းနှင့် (၆၀၀, ၀၀၀) ကြားတွင် ရှိသည်ဟု ခန့်မှန်းရသည်။[၆၀]

ဤပြည်တွင်းဒုက္ခသည်များ **(IDP)** အပြင် သည့်ထက်ပိုမိုများပြားသောလူများကလည်း အလုပ်ရှာရန်နှင့် အနိုင်ကျင့်မှု မှလွတ်မြောက်ရန်အတွက် ထိုင်းနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်၊ မလေးရှားနှင့် စင်္ကာပူကဲ့သို့သော အိမ်နီးချင်း တိုင်းပြည်များသို့ ထွက်ပြေးကြသည်။ နယ်စပ်များမှနေ၍ ဝင်ရထွက်ရလွယ်ကူခြင်းနှင့် ဈေးပေါသော အလုပ်များ လိုအပ်နေခြင်းတို့ကြောင့် ထိုင်းနိုင်ငံသည် မြန်မာနိုင်ငံမှ ရွှေ့ပြောင်း အလုပ်သမားများအများဆုံး သွားရောက်ရာ နေရာ ဖြစ်သည်။ အောက်ဖော်ပြပါဇယားသည် (၈) နှစ်ကျော်ကာလအတွင်း ထိုင်းနိုင်ငံသို့ တရားဝင် ဝင်ရောက်လာခဲ့သော ရွှေ့ ပြောင်း အလုပ်သမားများ မှတ်ပုံတင်စာရင်းကိုဖော်ပြထားပါသည်။ မြန်မာနိုင်ငံမှ အလုပ်သမားဦးရေကိုပါ ထည့်သွင်း ဖော်ပြထားပါသည်။ [၆၂]

| မှတ်ပုံတင်သော ခုနှစ် | မှတ်ပုံတင်သူ ဦးရေစုစုပေါင်း | မှတ်ပုံတင်သော မြန်မာဦးရေ | မြန်မာ (%) |
|---|---|---|---|
| စက် – နိုဝင်ဘာ၊ ၁၉၉၆ | ၃၂၃, ၁၂၃ | ၂၉၃, ၆၅၂ | ၉၀. ၉ |
| စက်–အောက်တိုဘာ၊ ၂၀၀၁ | ၅၆၈, ၂၄၉ | ၄၅၁, ၀၀၀ | ၇၉. ၄ |
| ဖေ – မတ်၊ ၂၀၀၂ | ၄၃၀, ၀၇၄ | ၃၄၉, ၀၀၀ | ၈၁. ၁ |
| ဇွန် –နိုဝင်ဘာ၊ ၂၀၀၄ | ၁, ၂၈၀, ၀၅၃ | ၉၂၁, ၄၈၂ | ၇၂. ၀ |

အထက်ပါ တရားဝင်ကိန်းဂဏန်းများနှင့်ပတ်သက်၍ သုတေသနပြု လေ့လာသူများက ထိုင်းနိုင်ငံရှိ မြန်မာ ရွှေ့ပြောင်း အလုပ်သမားများ၏ အမှန်တကယ် အရေအတွက်သည် (၂) သန်းခန့်ရှိသည်ဟု ယုံကြည်နေကြ သည်။ ထို့အပြင် ထိုင်းနိုင်ငံဘက် နယ်စပ်ဒေသရှိ ဒုက္ခသည်စခန်းများမှာ နေထိုင်နေကြလျက် ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးက ဒုက္ခသည်အဖြစ် အသိအမှတ်ပြုထားသူပေါင်းသည် (၁၅၀,၀၀၀) ခန့်ရှိ သည်။ [၆၃] အမှန်တွင် ဤကိန်းဂဏန်းသည် စခန်းနေသူများအဖြစ် တရားဝင်မှတ်ပုံတင်ထားသူများကိုသာ အသိအမှတ်ပြုထားခြင်း ဖြစ်သည်။ မှတ်ပုံတင် မထားသူများကိုသာ ထည့်ပေါင်းလိုက်ပါက ဒုက္ခသည်စခန်းများ မှာ ရှိနေသောလက်ရှိဒုက္ခသည် ဦးရေထက်များစွာ ပိုသွားပေလိမ့်မည်။ ဤအစီရင်ခံစာပါ လူအုပ်စုများနှင့်

[၆၀] Norwegian Refugee Council, 2004

[၆၂] The Mekong Challenge – "Working Day and Night: The Plight of Migrant Child Workers in Mae Sot,Thailand" – Federation of Trade Unions: Burma, edited by Phillip S. Robertson Jr., 2006 – p. 17

[၆၃] http://www.refugeesinternational.org/content/country/detail/2894

ပတ်သက်၍ သတ်သတ်မှတ်မှတ်ဖေါ်ပြရပါလျှင် ထိုင်းနိုင်ငံ၌ ရခိုင်ပြည်နယ်မှ ရွှေ့ပြောင်းအလုပ်သမား (၅၀,၀၀၀)၊ ပအိုဝ်အလုပ်သမား (၄၀,၀၀၀) နှင့် မွန်အလုပ်သမား (၂၀၀,၀၀၀) ရှိသည်ဟု အတည်ပြု ဖေါ်ပြနိုင်ပါသည်။ [၆၄]

## ၅။ ၃။ သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှု

လမုတောနှင့် ကျေးရွာပိုင်သစ်တောများအပါအဝင် ရေမသစ်တောကွက်များကို စစ်တပ်က ၎င်းတို့၏ စီးပွားရေးလုပ်ငန်းများအတွက် အတင်းအဓမ္မ သိမ်းယူခဲ့သည်။ ကုလားတန်မြစ်ဝှမ်း၌ စစ်တပ်၏ ပုဇွန်မွေးမြူရေးလုပ်ငန်းနှင့် အခြားစီးပွားရေးလုပ်ငန်းများအတွက် လမုတောများ အကြီးအကျယ် ပြုန်းတီးသွားခဲ့သည်။




**ရခိုင်ပြည်နယ်ရှိ စစ်တပ်နှင့် ဒေသလုပ်ငန်းရှင်များပိုင်သော ပုဇွန်မွေးမြူရေးလုပ်ငန်းများ**

ဤသစ်တောများက ကမ်းမြေကို ဒီလှိုင်းများ၊ မြေဆီလွှာ တိုက်စားမှုနှင့် မုန်တိုင်းကဲ့သို့သော သဘာဝဘေးရန်များ၏ ဒဏ်တို့မှ ကာကွယ်ပေးပါသည်။




**ရခိုင်ပြည်နယ် ကုလားတန်မြစ်ကြောင်းတလျှောက်ရှိ ခြိမ်းခြောက်ခံနေရသော ဒီရေရောက်တောများ**

[၆၄] Primary research AASYC, PYO & MYPO

ထို့အပြင် သစ်တောများက ငါးမျိုးစိတ်များ၊ ငှက်များနှင့် ရခိုင် တောလိပ်များအတွက်လည်း ခိုလှုံရာနေရာ ဖြစ်သည်။ “ဤနေရာ၌ ခုလောလောဆယ်အချိန်အထိ ပုဇွန်မွေးမြူရေးလုပ်ငန်းများနှင့် ထင်းခုတ်မှုများကြောင့် စတုရန်း ကီလို မီတာ (၆၀,၀၀၀) ခန့် သစ်တောပြုန်းတီးသွားခဲ့ပြီး ဖြစ်သည်။”[၆၅]




**ကုလားတန်မြစ်ဝှမ်းရှိ ခြိမ်းခြောက်ခံနေရသော သစ်တောများ**



**ခြိမ်းခြောက်ခံနေရသော ရခိုင်တောလိပ်များ**

(၁၉၉၀) ခုလွန်နှစ်များ၌ ရခိုင်ပြည်နယ်၊ မြေပုံမြို့နယ်ရှိ ဒေသခံကျေးရွာများပိုင်သော ကွန်းချောင်းတောင်တန်းတွင်သစ်များကို အလုအယက် ခုတ်ခဲ့ကြသည်။ သစ်တောများထဲမှ ကျွန်းနှင့် အခြားသစ်မာများ အပါအဝင် သစ်မှန်သမျှကို ခုတ်ပြီး အိန္ဒိယနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံများသို့ ရောင်းချခဲ့သည်။ ဤလုပ်ငန်းတွင် နယ်ခံလူထုများကို အလုပ်သမားအဖြစ် ငှားရမ်းခဲ့သော်လည်း လုပ်ငန်းကို ချုပ်ကိုင်များမှာကား နယ်မြေအာဏာပိုင်များ၊ နယ်ခံစီးပွားရေးလုပ်ငန်းရှင်များနှင့် ထောက်လှမ်းရေးအရာရှိများ ဖြစ်သည်။ သစ်တောမှနေ၍ အမြတ်အစွန်းများ ရခဲ့ကြသော်လည်း တာဝန်ရှိသူများက ခုတ်လှဲခဲ့သော သစ်တောများနေရာတွင် အစားထိုး ပြန်စိုက်ပေးခြင်း

[၆၅] “Supply and Command” - AASYC, July 2006, p.38

မပြုခဲ့ချေ။ ဤသို့ဖြင့် နယ်မြေ၏ ဂေဟစနစ်ကို အကြီးအကျယ် ထိခိုက်စေခဲ့သည်မှာ ထင်ရှားလှပါသည်။



**ဒေသခံ ပြည်သူများ ထင်း သယ်ယူနေကြပုံ**

ထို့အပြင် ဒေသခံပြည်သူများပိုင်သော ရိုးရာရေနံတွင်းများနှင့် ရေနံချက်ရုံများ၏နေရာတွင် ပင်လယ်ရပ်ခြား ကုမ္ပဏီများက နေရာဝင်ယူခဲ့သည်။ ဒေသခံပြည်သူများ၏ အသက်မွေးဝမ်းကျောင်း လုပ်ငန်းများ ဆုံးရှုံးခဲ့ရသည့် အပြင် သဘာဝပတ်ဝန်းကျင်လည်း ထိခိုက်ပျက်စီးခဲ့ရသည်။ အကြောင်းမှာ (နဝတ) စစ်အစိုးရက ဤ ကုမ္ပဏီများအား သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရန်သော်လည်းကောင်း၊ ကျင့်ဝတ်စည်းကမ်းလိုက်နာရန် သော်လည်းကောင်း သတ်မှတ် ပြဌာန်းပေးခြင်းမရှိခဲ့သောကြောင့် ဖြစ်သည်။ အထူးသဖြင့် ဤကုမ္ပဏီများသည် တွင်းတူးရာမှ ထွက်လာသော အညစ်အကြေးများကို စနစ်တကျ စွန့်ပစ် ခြင်းမရှိချေ။ ဤအညစ်အကြေးများကို မြစ်များထဲသို့ ကျရောက်စေခဲ့ပြီး ဒေသခံကျေးရွာများ၏ ရေနှင့် အစားအစာများကို ညစ်ညမ်းစေပါသည်။



**တွင်းတူးရာမှထွက်လာသော ရွှံ့နွံများကြောင့်**
**ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့နယ်ရှိ ချောင်းတစ်ချောင်း ညစ်ညမ်းနောက်ကျိနေပုံ**

(၂၀၀၄) နှင့် (၂၀၀၅) ခုနှစ်များတွင် (ခမရ–၄၂၃)နှင့် (၄၂၄) တို့သည် ရှမ်းပြည်နယ်၏ ပအိုဝ်းနယ်မြေဖြစ်သော ဆီဆိုင်မြို့နယ် ထီးမန်းရွာ၏တောင်ဘက်တွင် သဘာဝရေကန် (၅) ကန်အနီး ပတ်ဝန်းကျင်မှ မြေကွက်များကို သိမ်းယူခဲ့သည်။ ထို့အပြင် ရေကန်များ၏ပတ်ဝန်းကျင်မှ သစ်ပင်အားလုံးကို ခုတ်ပစ်လိုက်သည်။ ထို့နောက် ရွာသားများကို ထိုနေရာတွင် သစ်ပင်များကို ပြန်စိုက်ခိုင်းသည်။ စစ်တပ်က ထိုကန်များမှ ရေကို တပ်စခန်းထဲသို့ သွယ်ယူခဲ့သည်။ ဤသို့လုပ်လိုက်ခြင်းကြောင့် နယ်ခံကျေးရွာသားများအဖို့လည်း သစ်ပင်၊ သီးနှံများ စိုက်ပျိုးနိုင်ခြင်းမရှိတော့သည့်အပြင် တိရစ္ဆာန်မျိုးစိတ်ပေါင်းများစွာအဖို့လည်း ခိုလှုံစရာမဲ့သွားစေခဲ့သည်။ [၆၆]




စစ်တပ်က ဟိုပုံမြို့နယ်၊ နတ်တော်ကျေးရွာအနီးရှိ လယ်မြေများကို သိမ်းယူလိုက်ပြီး နယ်ခံသစ်ကုမ္ပဏီတစ်ခုနှင့်ပေါင်း၍ သစ်ခုတ်စခန်းတစ်ခု

## ၅။ ၄။ ဒေသဆိုင်ရာလုပ်ငန်းများ ချုပ်ချယ်ကန့်သတ်ခံရခြင်းနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများဆုံးရှုံးခြင်း

(၁၉၉၈) နှင့် (၂၀၀၂)ခုနှစ်အတွင်းမှာ အစိုးရက မြေယာများကို သိမ်းယူလိုက်ခြင်းကြောင့် မွန်အရပ်သားများအဖို့ မြေ ဧက (၇,၀၀၀) ကျော် လက်လွှတ်ခဲ့ရပြီး ကျပ်သန်း ရာချီတန်သော သီးနှံနှင့် ခြံများဆုံးရှုံးခဲ့ရသည်။ လူအများအပြား အလုပ်လက်မဲ့ဖြစ်သွားခဲ့သည်။ အကြောင်းမှာ သူတို့၏အသက်မွေးဝမ်းကျောင်းလုပ်ငန်းများသည် ခြံနှင့် လယ်ယာတို့အပေါ်မှာ အခြေခံထားခဲ့ကြသောကြောင့် ဖြစ်သည်။ လူအတော်များများအဖို့ မြေယာများသာ မကဘဲ ထိုမြေယာများမှာ ရင်းနှီးမြှုပ်နှံထားသော ငွေများပါ ဆုံးရှုံးခဲ့ကြရခြင်း ဖြစ်သည်။ သာဓကအားဖြင့် ဖော်ပြရပါလျှင် ရာဘာစိုက်ပျိုးသူတစ်ဦးသည် ရာဘာစိုက်ပျိုးသော ပထမနှစ်တွင် မြေတစ်ဧကလျှင် အနည်းဆုံး ကျပ် (၂၀, ၀၀၀)ခန့် အကုန်ကျခံရသည်။ (အပင်များမှ ဝင်ငွေရလာသည့်အချိန်အထိ ၇–နှစ်၊ ၈–နှစ်ခန့်ကြာ လေ့ရှိသည်။) နောက်ထပ်၍ ဓါတ်မြေ ဩဇာဖိုး၊ ပေါင်းရှင်းခ၊ မီးဘေးကာကွယ်ရေးစားရိတ်များရှိသေးသည်။[၆၇] ကွမ်းသီးနှင့် ဒူးရင်းခြံများကား ဝင်ငွေရသည့် အချိန်ရောက်ရန် သည့်ထက်ပင် ပို၍ကြာတတ်သေးသည်။ စစ်တပ်သည် ဘာတစ်ခုမျှစဉ်းစားခြင်းမရှိဘဲ ခြံသမားများထံမှ ခြံများကိုသိမ်းယူပြီးနောက် သူတို့အကျိုးအတွက် သီးနှံများကို ဆွတ်ခူးခြင်းပြုသည်။ ဤအသက်မွေးဝမ်းကျောင်းမှုလုပ်ငန်းဆုံးရှုံးမှု၏ အကျိုးဆက်တွင် ရာဇဝတ်မှုများတိုးလာခြင်းနှင့် အလုပ်ရှာရန် အိမ်နီးချင်းနိုင်ငံများသို့ ထွက်သွားကြခြင်းပင် ဖြစ်သည်။

[၆၆] Primary Research PYO

[၆၇] Interviews with villagers from Koe-mile village, Southern Ye Township – featured in “No Land to Farm” -Human Rights Foundation of Mon Land, 2002

မြေအသိမ်းခံရသော ပြည်သူများအဖို့ စိတ်ကျရောဂါနှင့် လူမှုရေးဘဝပျက်သုဉ်းခြင်း ဒဏ်တို့ကို ခံစားရလေသည်။ ဤဒဏ်ကို ခြံပိုင်ရှင်များသာမက ခြံပိုင်ရှင်တို့ဆီမှာ အလုပ်လုပ်နေသော ကျွဘမ်းအလုပ်သမားနှင့် ပင်တိုင်အလုပ်သမားများပါ ခံစားကြရသည်။ မိသားစုအများအပြားသည် သားသမီးများ၏ပညာရေးအတွက် မထောက်ပံ့နိုင်တော့သည့်အဖြစ်ကိုလည်းကောင်း၊ အိမ်သားများ၏ ကျန်းမာရေးအတွက် ဖြစ်ဖြစ်မြောက်မြောက် မတတ်နိုင်တော့သည့်အဖြစ်ကိုလည်းကောင်း ရောက်ကြရလေသည်။ စစ်တပ်၏ မြေသိမ်းရေး ပေါ်လစီသည် တိုက်ရိုက်အားဖြင့် မြေယာဆုံးရှုံးရသောသူများကိုသာမက ရပ်ရွာတစ်ခုလုံးကိုပါ ထိခိုက်နစ်နာစေ ပါသည်။

ဤပြဿနာကို မွန်ပြည်နယ်တဝှမ်းလုံးမှာ တွေ့နေရသည်ဖြစ်သော်ငြားလည်း မွန်ကယ်ဆယ်ရေးနှင့် ဖွံ့ဖြိုးကော်မတီအနေနှင့် တွေ့ရှိနေရသည်မှာ မြေယာအသိမ်းခံရသော ပြည်တွင်းဒုက္ခသည်အများစုသည် ရေးမြို့နယ်မှ လာသူများ ဖြစ်နေကြသည် ဟူသောအချက်ပင်ဖြစ်သည်။ [၆၈] စစ်တပ်များတိုး၍ချထားခြင်းနှင့် မြေသိမ်းယူမှုများ အများဆုံး ဖြစ်ပွားနေရခြင်း၏အကြောင်းရင်းမှာ ဤမြို့နယ်တွင် မွန်ခွဲထွက်သူပုန်အုပ်စု လှုပ်ရှားနေခြင်းကြောင့်ဖြစ်သည်။

ရခိုင်နှင့် မြန်မာလူမျိုးတို့၏ လူအများစုသည် စိုက်ပျိုးခြင်းးနှင့် ငါးဖမ်းခြင်းလုပ်ငန်းများဖြင့် အသက်မွေးဝမ်းကျောင်းပြုကြသည်။ လယ်ယာနှင့် ဥယျာဉ်ခြံမြေများကို စစ်တပ်က သိမ်းယူခြင်းကြောင့် မိသားစု အများအပြားအဖို့ ကြီးစွာ သော အတိဒုက္ခများနှင့်ကြုံတွေ့ကြရပါသည်။ ဝင်ငွေရရှိရာလုပ်ငန်းများဆုံးရှုံးမှုကြောင့် စားရေးသောက်ရေးမှာသော်လည်းကောင်း၊ သားသမီးများကို ကျောင်းထားရေးမှာသော်လည်းကောင်း အခက်အခဲတွေ့ကြရသည်။ သိမ်းပိုက်ထားသောမြေယာများပေါ်တွင် စစ်တန်းလျားများ၊ ကင်းစခန်းများနှင့် စစ်ဆေးရေးစခန်းအမြောက်အမြားကို ဆောက်ထားလိုက်ကြသည်။ အခြေအနေကို ပို၍ဆိုးရွားစေသောအချက်မှာ နယ်ခံကုန်သည် မည်သူမဆို စစ်ဆေးရေးစခန်းများကို ဖြတ်သွားလျက် လုပ်ငန်းလုပ်လိုပါက ဤစစ်ဆေးရေးစခန်းများရှေ့မှာ ရပ်တန့်ပြီး "အခွန်"ပေးကြရခြင်းပင် ဖြစ်သည်။[၆၉]

ယနေ့မြန်မာနိုင်ငံအနှံ့အပြား၌ စစ်တပ်များတိုး၍ချထားခြင်းနှင့် တပါတည်းလိုက်၍ ဖြစ်ပွားနေသည်တို့မှာ စစ်တပ်စခန်းများတည်ဆောက်ရေးအတွက် အတင်းအဓမ္မလုပ်အားစေခိုင်းခြင်း၊ အသစ်ချထားသော စစ်တပ်များအတွက် နယ်ခံပြည်သူတို့၏ စားနပ်ရိက္ခာများကို အနိုင်ကျင့်တောင်းယူမှုများ တိုး၍ ဖြစ်ပွားလာခြင်း၊ နယ်ခံကျေးရွာသားများ ၏ လွတ်လပ်စွာသွားလာမှုနှင့် စီးပွားရေးလုပ်ငန်းများ အပေါ်ချုပ်ချယ်ကန့်သတ်မှုများ တိုးလာခြင်းတို့ပင်ဖြစ်ပါသည်။

## ၆၊ မြန်မာ့ မြေယာဥပဒေနှင့် နိုင်ငံတကာဥပဒေ

ဥပဒေအနက် တစ်ခုတည်းသော အရေးကြီးဆုံးဥပဒေမှာ (၁၉၅၃) ခုနှစ်၊ အောက်တိုဘာလ(၂၆) ရက် နေ့စွဲပါ၊ လယ်ယာမြေ နိုင်ငံပိုင်ပြုလုပ်ရေးနှင့် လယ်ယာမြေ အက်ဥပဒေပင်ဖြစ်သည်။ ဤဥပဒေက မြေအားလုံးကို နိုင်ငံတော်အစိုးရက ပိုင်သည်ဟု ပြဋ္ဌာန်းထားခဲ့ပြီး (၁၉၇၄) ခုနှစ် အခြေခံဥပဒေမှာလည်း ထည့်သွင်းပြဋ္ဌာန်းထားခဲ့သည်။ ယနေ့မြန်မာနိုင်ငံမှာ ဥပဒေကျင့်သုံးနေမှုသည် ယေဘုယျအားဖြင့် ဤအက်ဥပဒေကို ပယ်လှန်ထားကြောင်း တွေ့ရ သည်။ ဤဥပဒေသည် လယ်ယာမြေ ပုဂ္ဂလိကပိုင်ဆိုင်မှုအချို့ကို အသိအမှတ်ပြုထား (ပုဒ်မ–

---

[၆၈] "No Land to Farm" - Human Rights Foundation of Mon Land, 2002

[၆၉] Primary Research AASYC

၃၈) သော်လည်း ရောင်းဝယ်မှုနှင့် လွှဲပြောင်းမှုကို ကန့်သတ်ပိတ်ပင်ထားပြီး အစိုးရအဖို့ ပလပ်လယ်ယာမြေများကို သိမ်းယူခွင့်ပေးထားသည် (ပုဒ်မ–၉–၁၂)။[၇၀] ထို့အပြင် (၁၉၆၃) ခုနှစ်၊ သီးစားချထားရေး အက်ဥပဒေ၊ (၁၉၆၃) ခုနှစ်၊ လယ်ယာမြေ လုပ်ပိုင်ခွင့် ကာကွယ်ရေး အက်ဥပဒေ နှင့် အမိန့်ကြေငြာစာ အမှတ် (၄/၇၈) တို့ကလည်း ပြည်သူတို့၏ မြေယာ ပိုင်ဆိုင်ခွင့်ကို ဆက်လက်၍ ကန့်သတ်ပိတ်ပင် ထားခဲ့သည်။ ပို၍ဆိုးသည်မှာ အကယ်၍ လယ်သမားများအနေနှင့် အစိုးရသတ်မှတ် ပေးထားသောသီးနှံကို စိုက်ပျိုးရန် ပျက်ကွက်လျှင် (သို့မဟုတ်) သတ်မှတ်ထားသော အထွက်နှုန်းအတိုင်း ထွက်ရှိအောင် မစိုက်မျိုးနိုင်လျှင် (သို့မဟုတ်) သတ်မှတ်ထားသောခွဲတမ်းအတိုင်း၊ ကြိုတင်သတ်မှတ်ထားသော ဈေးနှုန်းဖြင့် အစိုးရသို့ရောင်းချရန် ပျက်ကွက်လျှင် လယ်ယာမြေကို သိမ်းယူရန်လည်း ဤဥပဒေက အစိုးရကို ခွင့်ပြု ထားသည်။ [၇၁]

(၁၉၇၄) ခုနှစ်၊ ဖွဲ့စည်းပုံ အခြေခံဥပဒေ၏ ပုဒ်မ (၁၈) တွင် အောက်ပါအတိုင်း ဆက်လက်ဖေါ်ပြထားသည်–

**နိုင်ငံတော်အစိုးရသည် မြေပေါ်မြေအောက်၊ ရေပေါ်ရေအောက် သဘာဝသယံဇာတပစ္စည်းအားလုံးနှင့်တကွ မြေယာအားလုံးကို ပိုင်ဆိုင်သော အမြင့်ဆုံးပိုင်ဆိုင်သူဖြစ်သည်။**

**ဤဥပဒေကို နိုင်ငံတော်၏ အခြေခံမူကြီးတခုအဖြစ် (၂၀၀၄) ခုနှစ် ဇန်နဝါရီလတွင် ထပ်လောင်းအတည်ပြုထားခဲ့သည်။**

ကမ္ဘာ့ကုလသမဂ္ဂ လူ့အခွင့်အရေးကြေငြာစာတမ်း (၁၉၄၈–ခုနှစ်၊ ဒီဇင်ဘာလ) ၏ ပုဒ်မ(၁၇) တွင် အောက်ပါအတိုင်း ဖေါ်ပြထားသည်။

(၁) လူတိုင်းသည် တစ်ဦးချင်းသော်လည်းကောင်း၊ အများ သူငါနှင့် ပေါင်းဖွဲ့၍သော်လည်းကောင်း ဥစ္စာပစ္စည်း ပိုင်ဆိုင်ခွင့် ရှိသည်။
(၂) မည်သူ၏ ဥစ္စာပစ္စည်းကိုမျှ အနိုင်အထက်ပြု၍ လက်လွှတ်ဆုံးပါးစေခြင်း မပြုရ။

သည့်နောက်ပိုင်း နိုင်ငံတကာ ကြေညာစာတမ်းများနှင့် နိုင်ငံတကာ သဘောတူစာချုပ်များကလည်း ပုဂ္ဂလိက ဥစ္စာပစ္စည်းပိုင်ဆိုင်ခွင့်နှင့်စပ်လျဉ်း၍ အကာအကွယ်ပေးထားသည်။ ပို၍အရေးကြီးသည်မှာ ဤကိစ္စနှင့် စပ်လျဉ်း၍ စီးပွားရေး၊ လူမှုရေး နှင့် ယဉ်ကျေးမှုဆိုင်ရာ နိုင်ငံတကာ သဘောတူညီချက် (ICESCR) ပုဒ်မ **၁၁ (၁)** တွင် "... မည်သူမဆို မိမိနှင့်တကွ မိမိ၏မိသားစုအဖို့ လုံလောက်သော အစားအစာ၊ အဝတ်အထည်၊ အိုးအိမ်တို့အပါအဝင် လုံလောက်သော နေထိုင်မှုအဆင့်အတန်းဖြင့် နေထိုင်ခွင့်" ကို အတည်ပြု ပေးထားသည်။ [၇၂]

မြန်မာနိုင်ငံသည် (ICESCR) ၏ အဖွဲ့ဝင်နိုင်ငံ တနိုင်ငံမဟုတ်သော်လည်း ပုဒ်မ (၁၁) သည် နိုင်ငံတကာ ထုံးတမ်းဥပဒေ၏ အဆင့်အတန်းမျိုးရှိနိုင်၍ မြန်မာနိုင်ငံကိုလည်း အကြုံးဝင်စေပါသည်။ ထို့ပြင် သဘာဝ ဥပဒေအရဆိုလျှင် နိုင်ငံတကာစာချုပ်ဥပဒေအောက်မှာရှိနေသော မည်သည့်အစိုးရ၏ ပြဋ္ဌာန်းချက်များ ရှိနေသည်ဖြစ်စေ လူသားအားလုံးသည် လူသားဖြစ်သည်ဟူသော အကြောင်းအချက်ကြောင့် လူ့အခွင့်အရေးများနှင့် သက်ဆိုင်နေပါသည်။

---

[၇၀] Primary Research AASYC

[၇၁] "Mission Impossible" - Moo Ko Htee: Burma Issues Newsletter, April 2008

[၇၂] http://www.cohre.org/store/attachments/COHRE%20Burma%20Country%20Report.pdf (p24)

အချုပ်အားဖြင့်ဆိုရလျှင် အဆက်ဆက်သော နိုင်ငံတကာသဘောတူစာချုပ်များနှင့် ကြေညာချက်များက လူတစ်ဦးချင်း၏ ဥစ္စာပစ္စည်းပိုင်ဆိုင်ခွင့် ခိုင်မာလာအောင် ကြိုးပမ်းခဲ့သော်လည်း အဆက်ဆက်သော မြန်မာနိုင်ငံ စစ်အစိုးရများကမူ ၎င်းတို့၏ လျော်ကြေးပေးခြင်း ပြန်လည်ကုစားမှုလုပ်ပေးခြင်း မရှိဘဲ ပြည်သူတို့ထံမှ မြေယာများ သိမ်းယူခွင့် ကို ခိုင်မာလာအောင် ကြိုးပမ်းလာခဲ့သည်။ ဤသို့ကြိုးပမ်းရာ၌ စစ်အစိုးရသည် တကမ္ဘာလုံးအကြုံးဝင်သော နိုင်ငံတကာဥပဒေများကို ဖြောင့်ဖြောင့်ကြီးဆန့်ကျင်ကာ မြန်မာနိုင်ငံသားတို့၏ အိုးအိမ်လုံလောက်စွာရှိခွင့်၊ အသက်မွေးဝမ်းကျောင်းခွင့်၊ မိမိတို့၏နေအိမ်များသို့ ပြန်လည်ပြောင်းရွှေ့နေထိုင်ခွင့် (သို့မဟုတ်) လျော်ကြေးရရှိခွင့် တို့ကို ချိုးဖျက်ခဲ့သည်။

---

**မြန်မာနိုင်ငံ၏ တစ်ခုတည်းသောဥပဒေသည်ကား**
**ဗိုလ်ချုပ်များက အာဏာတည်စေဟု နေ့စဉ် ဆုံးဖြတ်သော ဥပဒေပင် ဖြစ်သည်။** [၃၉]

---

## ၇။ မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးရေးစီမံကိန်းများ

မကြာသေးခင်နှစ်များအတွင်း၌လည်း မြေသိမ်းခြင်း၊ အတင်းအဓမ္မနေရာရွှေ့ပြောင်းခြင်း၊ စစ်တပ်များတိုး၍ ချထားခြင်း၊ (နအဖ) စစ်အစိုးရ အကောင်အထည်ဖေါ်သော ဖွံ့ဖြိုးရေးလုပ်ငန်းစီမံကိန်း အမျိုးမျိုးနှင့်ပတ်သက်၍ အဓမ္မလုပ်အား စေခိုင်းခြင်းတို့ ဖြစ်ပွားခဲ့သည်။ ဤစီမံကိန်းများတွင် ရေနံတူးခြင်း၊ ရေနံချက်ခြင်း၊ သဘာဝဓါတ်ငွေ့ ပိုက်လိုင်းများသွယ်ခြင်း၊ ရေအားလျှပ်စစ်ထုတ်မည့်ဆည်များဆောက်လုပ်ခြင်း၊ မီးရထားလမ်း၊ မော်တော်ကားလမ်းဖေါက်လုပ်ခြင်းနှင့် တံတားဆောက်လုပ်ခြင်းလုပ်ငန်းများ ပါဝင်သည်။ များမကြာသေးမီကပင် ကြက်ဆူပင်စိုက်ခင်းများကို မစိုက်မနေရ စိုက်ခိုင်းခဲ့သည်။ ဤစီမံကိန်းများကို နိုင်ငံခြားကုမ္ပဏီများက အများအားဖြင့် မိမိတို့တိုင်းပြည်အစိုးရများ၏ စီးပွားရေးပိတ်ပင်ဒဏ်ခတ်မှုကို ဖီလာပြု၍သော်လည်းကောင်း၊ လက်တစ်လုံးခြား ရှောင်တိမ်း၍သော်လည်းကောင်း၊ စီမံဆောင်ရွက်နေကြခြင်း ဖြစ်သည်။ တနည်းဆိုရလျှင် (နအဖ) စစ်အစိုးရသည် ဈေးပြိုင်စနစ်အရ ဈေးအများဆုံးပေးသူများကို တိုင်းပြည်၏ သဘာဝအရင်းအမြစ်များကို ရောင်းချခြင်းအားဖြင့် မြန်မာနိုင်ငံနှင့် စီးပွားရေး လုပ်ကိုင်လိုနေကြသော နိုင်ငံခြားအစိုးရများနှင့် ဆက်ဆံနေခြင်း ဖြစ်သည်။ ဤသို့ဖြင့် မိမိပြည်သူတို့ပြည်သူများစွာကို အကျိုးခံစားခွင့်မဲ့စေခဲ့သည်။ စီးပွားရေးလုပ်ငန်းမှ ရရှိလောသော ငွေများဖြင့် စစ်အသုံးစားရိတ် တိုးမြှင့်နေခြင်းဖြစ်ရာ ဤငွေများသည် စစ်အစိုးရ အာဏာသဆက်လက်မြဲနေစေရေးကို အထောက်အကူပြုနေပါသည်။

ရခိုင်ပြည်နယ် အနောက်ဘက်ကမ်းလွန်၊ ဘင်္ဂလားပင်လယ်အော်ရှိ သဘာဝဓါတ်ငွေ့တွင်းများမှနေ၍ တရုတ်ပြည်တောင်ပိုင်း၊ ယူနန်ပြည်နယ်သို့သွယ်တန်းရန်ရည်ရွယ်ထားသော ရွှေ ဓါတ်ငွေ့ပိုက်လိုင်းသည် အရှေ့တောင်အာရှ၏ သဘာဝဓါတ်ငွေ့ပိုက်လိုင်းများတွင် အရှည်လျားဆုံးဖြစ်လာရန်ရှိသည်။ နေရာအနှံ့အပြားမြေယာသိမ်းယူမှုများ၊ လုံခြုံရေးအတွက် စစ်တပ်ချထားမှုများ၊ သတ်မှတ်ထားသော လမ်းကြောင်းတလျှောက်တွင် တောရှင်းရန်အတွက် အတင်းအဓမ္မလုပ်အားစေခိုင်းမှုများ ဖြစ်လာတော့မည်ဟု စောင့်ကြည့်ဝေဖန်သူတို့က ကြိုတွက်ထားခဲ့ကြသည်။ ဤစိုးရိမ်မှုများသည် မြန်မာနိုင်ငံအရှေ့ပိုင်း၊ တနင်္သာရီတိုင်းကို ဖြတ်သွားသော ရတနာနှင့် ရဲတံခွန်ဓါတ်ငွေ့ပိုက်လိုင်း အတွေ့အကြုံတို့မှနေ၍ ပေါ်ထွက်လာခဲ့ခြင်း ဖြစ်သည်။ ဤစီမံကိန်းများတွင် ရင်းနှီးမြှုပ်နှံမှု၏ တိုက်ရိုက်အကျိုးဆက်အဖြစ် စနစ်တကျ လူ့အခွင့်အရေး ချိုးဖေါက်မှုများ ဖြစ်ပွားခဲ့ကြောင်း တွေ့ရသည်။ သာဓကအားဖြင့် တင်ပြရသော် (၂၀၀၀) ခုနှစ်၊ နိုဝင်ဘာလ (၂၇) ရက်နေ့၌ မွန်ကျေးရွာတစ်ရွာ

[၃၉] P. Gutter & B. K. Sen, "Burma's State Protection Law: An Analysis of the Broadest Law in the World" (Burma's Lawyer Council 2001).

ဖြစ်သော ဝဲကရတ် ကျေးရွာမှ အိမ် (၂၀)သည်လည်း ကောင်း၊ ဝဲသွန်းချောင်း ကျေးရွာမှ အိမ် (၁၀) အိမ်သည်လည်းကောင်း၊ သဘာဝဓါတ်ငွေ့ပိုက်လိုင်းအတွက် လမ်းရှင်းပေးရာ၌ လျော်ကြေးမရဘဲ ဖျက်ပစ်ခံခဲ့ရသည်။ ကျေးရွာသားများသည် အိမ်မဲ့၊ မြေမဲ့များ ဖြစ်သွားခဲ့ကြသည်။[၇၄]

(နအဖ) စစ်အစိုးရနှင့် အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်အစိုးရတို့ သဘောတူညီမှုများလုပ်ပြီးနောက်တွင် (၂၀၀၈) ခုနှစ်မှစ၍ ရခိုင်ပြည်နယ်၊ ကုလားတန်နှင့် လေးမြို့မြစ်များ၌ ရေအားလျှပ်စစ်ဆည်များတည်ဆောက်ရန် စီမံကိန်းများချမှတ်ခဲ့သည်။ ကုလားတန်စီမံကိန်းအရ ဆည်ဆောက်လုပ်ပြီးစီးသွားလျှင် ကုန်တင်သင်္ဘောများ သွားလာဝင်ထွက်နိုင်ရေးအတွက် ကုလားတန်မြစ်မှာရော၊ စစ်တွေဆိပ်ကမ်းမှာပါ သောင်တူးလိမ့်မည် ဖြစ်သည်။ စစ်တွေ (ရခိုင်ပြည်နယ်၏မြို့တော်) နယ်မြေရှိ အိမ်များအဖျက်ခံရမည့်အပြင် မြစ်ကမ်းများတလျှောက်ရှိ ရေနေသတ္တဝါများနှင့် လမုတောများမှာလည်း ဆိုးဆိုးရွားရွား ထိခိုက်ပေလိမ့်မည်။ ဒေသနေပြည်သူ အများအပြား၏ အသက်မွေးဝမ်းကျောင်းမှုလုပ်ငန်းများလည်း ထိခိုက်ဦးမည့်အပြင် ဤနယ်မြေမှာသာတွေ့ရတတ်သော သက်ရှိသတ္တဝါများ၏ ခိုလှုံရာနေရာများသည်လည်း ခြိမ်းခြောက်ခံရပေဦးမည်။ ဤစီမံကိန်းများနှင့်ပတ်သက်၍ စောင့်ကြည့်ဝေဖန်သူများက သံလွင်ဆည်နှင့် လောပိတဆည် စီမံကိန်းများ အကောင်အထည်ဖေါ်စဉ်က မြေသိမ်းမှုများရော ဆည်ဆောက်လုပ်ရာ၌ အတင်း အဓမ္မလုပ်အားစေခိုင်းမှုများပါ ဖြစ်ပွားခဲ့သော အတွေ့အကြုံများကို ထောက်ပြကြသည်။[၇၅]

မကြာသေးမီ (၂၀၀၅) ခုနှစ်၊ ဒီဇင်ဘာလ၌ (နအဖ) စစ်အစိုးရက ဓါတ်ဆီဈေးကျဆင်းရေးအတွက်ဟုဆိုကာ အစားထိုးလောင်စာဆီအနေနှင့် ဇီဝဒီဇယ်ထုတ်လုပ်ရေးအတွက် တစ်နိုင်ငံလုံးမှာ ကြက်ဆူဆီပင် စိုက်ပျိုးရန် အမိန့်ထုတ်ခဲ့သည်။ (၃) နှစ်အတွင်း ကြက်ဆူပင် ဧက (၈) သန်းစိုက်ပျိုးရန် ရည်ရွယ်လျက် နယ်မြေအကျယ်အဝန်းသေးသည်ဖြစ်စေ ကြီးသည်ဖြစ်စေ၊ စိုက်ပျိုးရန် သင့်တော်သည်ဖြစ်စေ၊ မသင့်တော်သည်ဖြစ်စေ ပြည်နယ် (သို့မဟုတ်)တိုင်းအသီးသီးမှာ ဧက (၅၀၀,၀၀၀) ကျစီ စိုက်ပျိုးစေသည်။ သို့ဖြစ်၍ ရန်ကုန်တိုင်းက ၎င်း၏စုစုပေါင်းမြေအကျယ်အဝန်းအနက် မြေ (၂၀%)ကို လည်းကောင်း၊ ကယားပြည်နယ်က (၁၇%) ကို လည်းကောင်း ကြက်ဆူပင်စိုက်ပျိုးရမည်ဖြစ်သည်။ ဤမတန်မရာ ရည်မှန်းချက်ပြည့်မြောက်စေရေးအတွက် အခြားသောဖွံ့ဖြိုးရေးစီမံကိန်းများနည်းတူပင် မြေသိမ်းယူမှုများနှင့် အဓမ္မလုပ်အားစေခိုင်းမှုများ ဖြစ်ပွားခဲ့သည်။[၇၆]



[၇၄] "No Land to Farm" - Human Rights Foundation of Mon Land, 2002. (for full information on the Yadana & Yetagun Projects see "Total Denial" & "Total Denial Continues" – Earth Rights International, 1996 & 2000)

[၇၅] For full information on the Lawpita and Salween Dam projects see "Dammed by Burma's Generals: the Karenni Experience with Hydropower Development – From Lawpita to the Salween" - Karenni Development Research Group, 2006

[၇၆] "Biofuel by Decree" – Ethnic Community Development Forum (2008) p7

(၂၀၀၈) ခုနှစ်၊ ဇန်နဝါရီလ (၄) ရက်နေ့တွင်၊ ရခိုင်ပြည်နယ်၊ ချောင်းဝကျေးရွာအုပ်စု၌ ခြေမြန်တပ်ရင်းအမှတ် (၅၄၂) က ကျေးရွာသားများပိုင် စားကျက်မြေ ဧက (၄၀) ပေါ်တွင် ကြက်ဆူပင် (၄၈, ၀၀၀) စိုက်ပျိုးခိုင်းခဲ့သည်။




**ရေးမြို့နယ်ရှိ၊ သိမ်းယူထားသည့် မြေကွက်ပေါ်တွင်**
**စိုက်ပျိုးထားသော ကြက်ဆူပင် (၁၅) ဧကစိုက်ခင်း**

သာဓကအနေနှင့်ဖော်ပြရပါလျှင် ရေးမြို့နယ်မှ ခေါဇာမြို့နယ်ခွဲသို့သွားရာ ကားလမ်းဘေးတလျှောက်တွင် နယ်မြေဆိုင်ရာ တပ်ရင်းများက ရွာသူရွာသားများအား ကြက်ဆူပင်များကို မစိုက်မနေရ စိုက်ခိုင်းခဲ့သည်။ ဒေသခံပြည်သူများ သည် အပင်ပေါက်တပင်လျှင် (၁,၀၀၀) ကျပ် (မေရိကန်ဒေါ်လာ ၇.၅ ဒေါ်လာ) နှုန်းဖြင့် နယ်မြေအာဏာပိုင်များထံမှ ဝယ်ကြရသည်။ အချို့ရွာများ အထူးသဖြင့် ကလော့ကျေးရွာနှင့် ကိုးမိုင်ကျေးရွာ တို့သည် အပင်များ မစိုက်မီမှာ မြေ ကို ထွန်ယက်ပြုပြင် ပေးကြရသည်။ [၇၇]

(၂၀၀၈) ခုနှစ် ဧပြီလတွင် စစ်အစိုးရက အိန္ဒိယနိုင်ငံသို့ ဆီအုန်းနှင့် ကုလားပဲစိုက်ပျိုးရန်အတွက် မြေဟက် တာ ပေါင်း (၄၀,၀၀၀) ကို အငှားချပေးခဲ့သည်။ (၂၀၀၈) ခုနှစ်၊ အောက်တိုဘာလတွင်လည်း (နအဖ) စစ်အစိုးရက ဘင်္ဂလားဒေ့ရှ်အစိုးရထံသို့ ရခိုင်ပြည်နယ်ရှိ စပါးစိုက်မြေ ဧက (၅၀,၀၀၀) ကို အငှားချ ပေးခဲ့သည်။

စပါးစိုက်မြေ အများစုသည် မြောက်ဦးနှင့် မာန်အောင်ကျွန်းတို့မှဖြစ်သည်။ ဤမြေများသည် တရားဝင် အားဖြင့် စစ် တပ်ပိုင်မြေများဟု ဆိုသော်လည်း အမှန်တကယ်အားဖြင့်မူ နယ်မြေလယ်သမားများထံမှ သိမ်းယူထားခြင်း ဖြစ်သည်။ မည်သည့်လျော်ကြေးမျှပေးခြင်း မရှိသည့်အပြင် နောက်ထပ်၍ မြေသိမ်း ဦးမည်လားဟု စိုးကြောက် နေကြရသည်။ ဤသို့ လုပ်လိုက်ခြင်းကြောင့် နယ်မြေဒေသအတွင်း ဝမ်းစာ ရိက္ခာနှင့်ပတ်သက်၍ ဆိုးဆိုးရွားရွားထိခိုက် လာနိုင်စရာ အကြောင်း ရှိနေသည်။

[၇၇] Primary field research by MYPO

"လယ်မြေဧက (၅၀,၀၀၀) ကို အငှားချလိုက်တယ်ဆိုတော့ ရခိုင်ပြည်နယ်က လူတွေ ဝတ်ကုန်မှာ သေချာပါတယ်။" ဟု အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (ရခိုင်ပြည်နယ်)၏ တွဲဘက်အတွင်းရေးမှူး ဦးသိန်းလှိုင်က ပြောပါသည်။ [၇၈]

## ၈။ လေ့လာတွေ့ရှိရသော လက်တွေ့ဖြစ်ရပ်များ

### လက်တွေ့ဖြစ်ရပ် (၁)

အမည် – (ဖော်ပြခြင်းမပြုပါ)
ကျား/ မ – (ဖော်ပြခြင်းမပြုပါ)
နေရပ်လိပ်စာ – ဆီဆိုင်မြို့၊ ရှမ်းပြည်နယ်။
အခင်းဖြစ်ပွားသောနေ့ – (၂၀၀၇–၂၀၀၈)ခုနှစ်

ရှမ်းပြည်တောင်ပိုင်း၊ ဆီဆိုင်မြို့နယ်အခြေစိုက်၊ ခြေမြန်တပ်ရင်း (ခမရ–၄၂၃) နှင့် (၄၂၄)တို့သည် (၁၉၉၂–၉၃) ခုနှစ်တွင် လာရောက် အခြေစိုက်ခဲ့ကြသည်။ ဤတပ်ရင်းများသည် ကျေးရွာသားများ၏ လယ်မြေများနှင့် မြေကွက်များကို လျော်ကြေးငွေတစ်ပြားတချပ်မျှ မပေးဘဲ ၎င်းတို့၏ တပ်စခန်းများအတွက် သိမ်းယူခဲ့ကြသည်။ (၁၉၉၆) ခုနှစ်၊ စက်တင်ဘာလတွင် (ခမရ–၄၂၄) သည် တပ်စခန်းတိုးချဲ့ရေးအတွက် ၎င်းတပ်စခန်း၏ အနောက်ဘက်ရှိ နောင်လုံ ကျေးရွာသားများကို တစ်လအတွင်းပြောင်းရွှေ့သွားရန် အမိန့်ထုတ်ခဲ့သည်။

(၂၀၀၅) ခုနှစ်တွင် (ခမရ–၄၂၃) နှင့် (၄၂၄) တို့သည် ရွာသားများပိုင်သော လယ် (သို့မဟုတ်) ယာမြေဧက (၅, ၀၀၀) ကို သိမ်းယူခဲ့သည်။ သိမ်းယူသောမြေယာများအနက် (၈) ဧကအတွက်သာလျှင် လျော်ကြေးပေးခဲ့သည်။ ထို့အပြင် (၂၀၀၇) နှင့် (၂၀၀၈) ခုနှစ်များအတွင်း၌ တောင်သူလယ်သမားများ မိမိတို့လယ်ယာများမှာ ပြန်လည်စိုက်ပျိုးခွင့်ရရေးအတွက် တစ်ဧကလျှင် (၅, ၀၀၀) ကျပ် (အမေရိကန်ဒေါ်လာ ၃. ၇ ဒေါ်လာ) နှုန်းဖြင့် သီးစားခပေးရသည်။

"လယ်ခင်းရှင်တွေက အပင်တွေစိုက်ဖို့ အဆင်သင့်ဖြစ်နေချိန်မှာပဲ ဗမာစစ်တပ်က ဒီလယ်တွေကို သိမ်းလိုက်ပြီဆိုတဲ့အကြောင်း စစ်ဗိုလ်တစ်ယောက်ရေးထားတဲ့စာတစောင်ရောက်လာတယ်"ဟု ဘာသာရေး ခေါင်းဆောင် တစ်ဦးကပြော ပြခဲ့သည်။ [၇၉]

### လက်တွေ့ဖြစ်ရပ် (၂)

အမည် – (ဖော်ပြခြင်းမပြုပါ)
ကျား /မ – (ဖော်ပြခြင်းမပြုပါ)
နေရပ်လိပ်စာ – ကုလားကုန်းရပ်ကွက်၊ ဟိုပုံးမြို့၊ ရှမ်းပြည်နယ်။
အခင်းဖြစ်ပွားသောနေ့ – (၂၀၀၄) ခုနှစ်

[၇၈] Democratic Voice of Burma: http:/english.dvb.no/news.php?id=1849 (10th October 2008)

[၇၉] Primary field research by PYO

(၂၀၀၄) ခုနှစ်တွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း (USDA) က ကုလားကုန်းရပ်ကွက် ကစားကွင်းကို သိမ်းယူခဲ့သည်။ ဒေသခံလူငယ်ခေါင်းဆောင်များက ကန့်ကွက်နေသည့် ကြားထဲကပင် ကြံ့ခိုင်ရေးအသင်းက အိမ်များ နှင့်ဈေးဆိုင်များကို ဆောက်ခဲ့သည်။ ဤသို့ကန့်ကွက်ရခြင်းခြင်းမှာ အဆောက်အဦးများဆောက်လုပ်ပြီးသွားသည်နှင့်တပြိုင်နက် မြန်မာအရာရှိများက မြေယာဦးပိုင် မှတ်ပုံတင်ပြီး အမြတ်တင်၍ ပြန်ရောင်းစားလိမ့်မည်ဟု ဒေသခံလူထုများက သိနေကြသောကြောင့် ဖြစ်သည်။ သို့ဖြစ်ရာ ဒေသခံလူငယ်များက အဆောက်အဦးများကို ဖျက်ဆီးပစ်ကြကာ မြေကို ပြန်သိမ်းယူကြသည်။ ထိုအခါ၌ ရဲအရာရှိများ၊ စစ်သားများ၊ ကြံ့ခိုင်ရေးအသင်းနှင့် မြို့အာဏာပိုင်အချို့ တို့က ကစားကွင်းကို ပြန်သိမ်းယူရသည့်အဖြစ်သို့ရောက်ခဲ့သည်။

ထိုနှစ်ထဲမှာပင်၊ ဟိုပုံးမြို့နယ်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မအဖ) က ဗိုမိနယ်မြေရှိ အထက်တန်းကျောင်း၏ အနောက်ဘက် မြေကေ (၁, ၄၀၀) ကို သိမ်းယူရန် အစီအစဉ်လုပ်ကြသည်။ ဤအစီအစဉ်ကို ကြံ့ခိုင်ရေးအသင်း၊ စစ်တပ်၊ ရဲတပ်ဖွဲ့နှင့် မြေတိုင်းအရာရှိများက အကောင်အထည်ဖော်ကြသည်။ ဟိုပုံးမြို့ အနောက်ဘက်ရှိ လွိုင်အွန်းကျေးရွာသားများပိုင်သည့် ကွဲနွားစားကျက် ကေ (၅၀၀) ကိုလည်း သိမ်းယူလိုက်ကြသည်။ ထို့နောက် ဟိုပုံးအာဏာပိုင်များက ထိုကေ (၅၀၀) ကို ဦးပိုင်မှတ်ပုံတင်လိုက်ကြပြီးလျှင် တိုးနီးယားကုမ္ပဏီသို့ရောင်းလိုက်ကြရာ၊ ကုမ္ပဏီက မြေကွက်ကို ၎င်း၏ကွဲနွားတိရစ္ဆာန်များ အတွက် အသုံးချလေသည်။

*"ကြံ့ခိုင်ရေးအသင်း၊ ရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့ ဒါမှမဟုတ် စစ်တပ်ထဲက လူတစ်ယောက်ယောက်ဖြစ်မယ်ဆိုရင် ကြိုက်တဲ့မြေကွက်ကို ယူလို့ရတယ်။ ရှမ်းပြည်သားတွေကတော့ ပိုင်ရှင်ရဲ့ခွင့်ပြုချက်မရဘဲ၊ ဘယ်မြေကွက်ကိုမှ မယူချင် ကြပါဘူး။" ဟု ဟိုပုံးမြို့သားလူငယ်တဦးက ပြောပါသည်။*[၈၀]

## လက်တွေ့ဖြစ်ရပ် (၃)

အမည် – နိုင် **XXXXX** (နှင့် ညီအစ်ကိုမောင်နှမများ)။
ကျား/မ – အမျိုးသား။
အသက် – ၄၅။
အလုပ်အကိုင် – ရာဘာခြံပိုင်ရှင်။
နေရပ်လိပ်စာ – ရေးမြို့၊ မွန်ပြည်နယ်။
အခင်းဖြစ်ပွားသောနေ့ – မတ်လ (၂၀၀၈) ခုနှစ်။

ဖခင်ထံမှ နိုင် **XXXXX** နှင့် ညီအစ်ကိုမောင်နှမများ အမွေရထားသော မြေ (၁၅) ကေကို (၂၀၀၈) ခုနှစ်၊ မတ်လတွင် စစ်တပ်က သိမ်းယူခဲ့သည်။ ဤမြေကွက်တွင် ရာဘာပင်အတော်များများရှိသည်။ ခြံကိုအမွေရပြီးနောက် ညီအစ်ကို တတွေက လာမည့်မိုးရာသီတွင် ခြံကိုခုတ်ထွင်ရှင်းလင်းကာ ရာဘာပင်အသစ်များ ထပ်မံ၍ စိုက်မည်ဟု စီစဉ်ထားခဲ့ ကြသည်။ ဤတွင် ခြေမြန်တပ်ရင်း အမှတ် (၅၈၆) က မြေတိုင်းအရာရှိဖြစ်သူ ဦးလှထူးအောင်၊ ရွာလူကြီးဖြစ်သူ နိုင်လူအေးတို့နှင့် ပေါင်းကာ ကြိုတင်သတိပေးခြင်း၊ လျော်ကြေးပေးခြင်းမရှိဘဲ ခြံကို သိမ်းယူလိုက်သည်။

---

[၈၀] Primary field research by PYO

ရွာလူကြီး နိုင်လူအေးအားမေးမြန်းစုံစမ်းကြည့်ရာ အဆိုပါ မြေကွက်ကို (၂၀၀၆) ခုနှစ်ကတည်းက မြေရိုင်းအဖြစ် သတ်မှတ်ထားခဲ့ပြီး မြေစာရင်းရုံး၏ မြေပုံထဲမှာ ပိုင်ရှင်မဲ့အဖြစ် သတ်မှတ်ထားခဲ့ကြောင်း နိုင်လူအေးက ပြောပြခဲ့သည်။ "မင်းတို့မြေကိုပြန်လိုချင်ရင် မင်းတို့ညီအစ်ကိုတွေ တယောက် (၅, ၀၀၀) (အမေရိကန်ဒေါ်လာ ၃. ၇ ဒေါ်လာ)စီပေးရမယ်" ဟု နိုင်လူအေးက လိုရင်းကို ပြောပြသည်။ နိုင်XXXXXX တို့ ညီအစ်ကို တတွေက သဘောတူကာ ငွေပေးပြီး၊ မြေ ကို ပြန်ယူခဲ့ကြသည်။ သို့ရာတွင် သူတို့ကို ပေးထားသည့်ကတိ အတိုင်း တရား ဝင်စာရွက်စာတမ်းများကိုတော့ မရရှိ သေးချေ။ ပြည်နယ်အရာရှိထံမှာ မေတ္တာရပ်ခံခဲ့သော်လည်း အဆဲခံ ရရုံသာရှိခဲ့ သည့်အတွက် နေပြည်တော်သို့ သွားရောက်သင်ပြခဲ့သော်လည်း ဘာအကြောင်းမှ မရရှိခဲ့ပေ။ [၈၁]

## လက်တွေ့ဖြစ်ရပ် (၄)

အမည်–မသန်းလှ။
ကျား /မ–အမျိုးသမီး။
အသက်– (၁၈)နှစ်။
အလုပ်အကိုင်– ဥယျာဉ်အလုပ်သမား။
နေရပ်လိပ်စာ– ပုဇွန်ဖေကျေးရွာ၊ မြောက်ဦးမြို့နယ်၊ ရခိုင်ပြည်နယ်။
အခင်းဖြစ်ပွားသောနေ့ – ဇူလိုင် (၇) ရက်၊ (၂၀၀၆) ခုနှစ်

မြောက်ဦး မြို့နယ်၊ ပုဇွန်ဖေရွာမှ အသက် (၁၈) နှစ်အရွယ်ရှိသူ မသန်းလှကို စစ်သားတစ်စုက ရက်ရက် စက်စက် အဓမ္မ ပြုကျင့်ခဲ့သည်။

မိဘများ၏ ခြံမှ ပြန်လာရာလမ်းတွင် မသန်းလှသည် နယ်မြေအတွင်း ကင်းလှည့်နေသော စစ်သားတစ်စုနှင့် ပက်ပင်း တိုးမိခဲ့သည်။ စစ်သားများက သူမအား ဘယ်ကပြန်လာသလဲဟု စစ်လားမေးလားလုပ်သည်။ သူမက မိဘများ၏ ခြံမှာ အလုပ်လုပ်ရာမှ ပြန်လာခြင်းဖြစ်သည်ဟု ပြန်အဖြေတွင် စစ်သားတစ်ေယာက်က သူမ၏ လက်ကိုဆွဲကာ မြေကြီးပေါ်သို့ အတင်းလှဲချလိုက်သည်။ သူမ ငိုယို၊ အသနားခံနေသည့်ကြားထဲကပင် စစ်သား များက ဤ (၁၈) နှစ် အရွယ် မိန်းကလေးကို တစ်ယောက်ပြီး တစ်ယောက် အဓမ္မပြုကျင့်ခဲ့ကြသည်။ ပြီးတော့ မှပင် သူမကို အနီးအနားရှိ ခြံတောထဲမှာ ပစ်ထားခဲ့ကြသည်။ ထိုနေ့နှောင်းပိုင်းတွင် ရွာသားတစ်ဦးက မိန်း ကလေး၏ အလောင်းကိုတွေ့ရှိပြီး မိဘများထံ သွားရောက် အသိပေးခဲ့သည်။ မိဘများက သူမ၏ အလောင်းကို မြောက်ဦးဆေးရုံသို့ သယ်ယူသွားခဲ့ကြသည်။ မုဒိမ်းမှုကို မြောက်ဦးအခြေစိုက် တပ်ရင်း (၂၂၇) မှ စစ်သားများက ကျူးလွန်ခဲ့ကြခြင်းဖြစ်သည်။ ဤစစ်သား (၇) ယောက်ကို အရေးယူပေးရန် မသန်းလှ၏မိဘများက အမှုဖွင့် တိုင်ကြားခဲ့သော်လည်း သက်ဆိုင်ရာက မည်သူ့ကိုမျှ တရားရုံးသို့ စွဲဆိုတင်ပို့ခြင်းမရှိခဲ့ချေ။ [၈၂]

## လက်တွေ့ဖြစ်ရပ် (၅)

အမည် – နိုင်––– (လုံခြုံရေးအတွက် အမည်ကိုလျှို့ဝှက်ထားပါသည်)။
အသက် – (၅၈) နှစ်။
အလုပ်အကိုင် – ရာဘာခြံပိုင်ရှင်။
နေရပ်လိပ်စာ – ကွန်ဒူးကျေးရွာ၊ မွန်ပြည်နယ်။

---

[၈၁] Primary field research by MYPO

[၈၂] Primary field research by AASYC

အခင်းဖြစ်ပွားသောနေ့– ဩဂုတ်လ (၂၀၀၅) ခုနှစ်။

နိုင်—– နှင့်ဇနီးတို့သည် ဟန်ဂန်ကျေးရွာမှာ နေထိုင်ကြသူများဖြစ်သည်။ သူ့ဇနီးသည် ကွန်ဒူးကျေးရွာမှဖြစ်ပြီး ထို ရွာမှာ သူတို့ပိုင်သော ရာဘာခြံ (၁၀) ဧကရှိသည်။ (၂၀၀၅) ခုနှစ်၊ ဩဂုတ်လတွင် ဒုဗိုလ်မှူးကြီး ခင်မောင်အုန်း ဦးစီးသော (ခမရ–၅၈၇) က ဤရာဘာခြံမြေ၏ (၇) ဧကကို သိမ်းယူခဲ့သည်။ ထိုအချိန်က ရာဘာခြံ (၇) ဧက၏ ကာလတန်ဘိုးမှာ ကျပ်(၂၀,၀၀၀,၀၀၀) (အမေရိကန်ဒေါ်လာ ၁၅,၀၀၀ ဒေါ်လာ) ဖြစ်သည်။

"ဒီရာဘာခြံတွေအကုန်လုံးကို နိုင်ငံတော်က လိုအပ်လို့ စစ်တန်းလျားဆောက်မယ်ဆိုရင် တိုင်းပြည်အတွက် သိမ်း လို့ရတယ်လို့ ဗိုလ်မှူးကြီးက ပြောတယ်။ ကျနော့်မြေကို နိုင်ငံတော်က ပိုင်တာဖြစ်လို့ သူတို့သိမ်းယူတာလို့ ကျနော့်ကို ပြောတယ်။"ဟု နိုင်— က ပြောပြခဲ့သည်။

နိုင်— က သူ့ ခြံပြန်ရရေးအတွက် မြေစာရင်းဌာနမှာ အကူအညီသွားတောင်းခဲ့သည်။ သို့ရာတွင် မြေစာရင်း ဌာနမှ တာဝန်ရှိသူက ဤခြံမြေအားလုံးကို နိုင်ငံတော်ကပိုင်သဖြင့် သူတို့လည်း မည်သို့မျှမတတ်နိုင်ကြောင်း ပြောပြခဲ့သည်။

နိုင်— မှာ သားသမီး (၇) ယောက်ရှိသည်။ (၅) ယောက်က ထိုင်းနိုင်ငံထဲမှာ အလုပ်လုပ်နေသည်။ ကျန် (၂) ဦးက အိမ်ထောင်ကျပြီးဖြစ်နေကြကာ မိဘများကို အကူအညီမပေးနိုင်ကြချေ။ သူက အသက်အရွယ်ကြီးရင့်ပြီ ဖြစ်၍ ခြံအလုပ်ကို သူကိုယ်တိုင် မလုပ်နိုင်တော့ချေ။ သို့ဖြစ်၍ ကျန် ရာဘာခြံ (၃) ဧကအတွက် အလုပ်လုပ်ရန် အလုပ်သမား (၃) ဦးကို ငှားရမ်းရသည်။ အလုပ်သမား (၃) ဦးကို လုပ်ခ ရှင်းပေးပြီးနောက်တွင် သူ့မိသားစု အတွက် ငွေ ဖြစ်ဖြစ် မြောက်မြောက် မကျန်တော့ချေ။[၈၃]

## လက်တွေ့ဖြစ်ရပ် (၆)

အမည် – (ဖော်ပြခြင်းမပြုပါ)။
ကျား/မ – အမျိုးသမီး။
အသက် – (၅၀)။
အလုပ်အကိုင် – လယ်သမား ဥယျာဉ်ပိုင်ရှင်။
နေရပ်လိပ်စာ – မူရင်းကျေးရွာ၊ မူရင်းကျေးရွာအုပ်စု၊ ကျောက်ဖြူမြို့နယ်။
အခင်းဖြစ်ပွားသောနေ့ – (၃၀) ရက်နေ့၊ ဇွန်လ (၂၀၀၈) ခုနှစ်။

(၂၀၀၆) ခုနှစ်တွင် ဓညဝတီရေတပ်စခန်းသည် ကြက်ဆူပင်စိုက်ပျိုးရန်အတွက် ကျောက်ဖြူမြို့နယ်၊ မူရင်းကျေး ရွာအုပ်စု၊ ကုန်းဘောင်တော်ဟုခေါ်သော အထက်တော နယ်မြေကို သိမ်းယူခဲ့သည်။ ဤနယ်မြေကို ဒေသခံ ကျေးရွာများက မြေပဲနှင့် သီဟိုဠ်ပင်များစိုက်ပျိုးရာ မြေယာအဖြစ် အသုံးပြုခဲ့ကြသည်။ ရွာသားများအဖို့ လျော်ကြေး တစ်ပြားတစ်ချပ်မျှ မရဘဲ၊ ဓညဝတီရေတပ်စခန်းဌာနချုပ်(ဒရခ)က ဤမြေကို ယခု ကြက်ဆူဆီပင် များ စိုက်ပျိုးထားလိုက်ပြီဖြစ်သည်။ ရွာသားများအဖို့ အသိမ်းခံထားရသောမြေမှာ မြေပဲစိုက်ပျိုးနိုင်ခြင်း မရှိတော့သဖြင့် အသက်ဆက်လက် ရှင်သန်နိုင်ရေးအတွက် အသည်းအသန် လုံးပမ်းနေကြရသည်။

[၈၃] Primary field research by MYPO

ပို၍ဆိုးသည်မှာ ရွာသားများသည် ရေတပ်၏ စိုက်ခင်းအတွက် ထွန်ယက်ပေးရခြင်းဖြစ်ပြီး တစ်ကေလျှင် ငွေကျပ် (၁၀, ၀၀၀) ခန့်တန်ကြေးရှိသည်ဟု ဆိုပါသည်။ ဤသို့ထွန်ယက်ပေးခြင်းအတွက် အခကြေးငွေ တစ်ပြားတစ်ချပ်မျှ မရရှိကြချေ။ အကယ်၍ စိုက်ခင်းထဲသို့ နွားတစ်ကောင် ဝင်စားမိပါကလည်း ဒဏ်ငွေကျပ် (၁၀, ၀၀၀) (အမေရိကန် ဒေါ်လာ ၇ . ၄ ဒေါ်လာ) ပေးရသည်။

မူရင်းကျေးရွာအုပ်စု ကန့်လန့်တဲ ကျေးရွာ၊ ဦးဘတင်၏ သီဟိုဠ်ခြံ၌ စစ်သားတအုပ်ကြီး စခန်းချနေကြသည်။ သီဟိုဠ်ခြံအများအပြားကို စစ် တပ်များက သိမ်းထားကြသဖြင့် ကျေးရွာများအဖို့ နှစ်စဉ် ခန့်မှန်းခြေ ဝင်ငွေကျပ် (၁၀) သန်း (အမေရိကန်ဒေါ်လာ ၄၀၇. ၄၀ ဒေါ်လာ) ခန့်ဆုံးရှုံးနေကြရသည်။ စစ်တပ်၏ ကြက်ဆူဆီပင်စိုက်ခင်းလည်း မဖြစ်ထွန်းချေ။ ကန့်လန့်တဲ ဘတ်စ်ကားဂိတ်မှ မူရင်းဂိတ်အကြားရှိ စိုက်ပျိုးမြေကေ (၁၀၀) ကျော်ကို နယ်ခံကျေးရွာများထံမှ သိမ်းယူထားသည်။ အသိမ်းခံရသောမြေများတွင် ကျေးရွာ၏ စီးပွားရေးလုပ်ငန်းများအတွက် အသက်သွေးကြောဖြစ်သော ဥယျာဉ်ခြံများ နှင့် စားကျက်များပါဝင်ပါသည်။ ကျွဲနွားစားကျက်မရှိတော့ခြင်းကြောင့် နယ်ခံကျေးရွာများအတွက် အကြီးအကျယ် အခက်တွေ့နေရသည်။ [၆၄]




**ဦးဘတင်၏ အသိမ်းခံရသောမြေပေါ်မှာ စိုက်ပျိုးထားသည့် ကြက်ဆူပင်စိုက်ခင်း**

## လက်တွေ့ဖြစ်ရပ် (၇)

အမည် – (ဖော်ပြခြင်းမပြုပါ)။
ကျား/မ – ကျား
အသက် – (၂၇) နှစ်။
အလုပ်အကိုင် – နယ်ခံရေနံတူးသမား။
နေရပ်လိပ်စာ – ရေနံတောင်ကျေးရွာ၊ မင်းပြင်ကျေးရွာ အုပ်စု၊ ရခိုင်ပြည်နယ်။
အခင်းဖြစ်ပွားသောနေ့ – (၁၂) ရက်နေ့၊ ဧပြီလ (၂၀၀၈) ခုနှစ်။

[၆၄] Primary field research by AASYC



**ရိုးရာနည်းဖြင့်တူးသောရေနံတွင်း**

အေးရှားဝေါ ကုမ္ပဏီလီမိတက် (Asia World Ltd) သည် အခြားသော မြန်မာကုမ္ပဏီတခုနှင့်အတူ (၂၀၀၄) ခုနှစ်တွင် ကျောက်ဖြူမြို့နယ်သို့ ရောက်လာခဲ့သည်။ အေးရှားဝေါ ကုမ္ပဏီလီမိတက်သည် ကျောက်တစ်လုံး ဘုရားအနီးရှိ ရမ္မာဝတီကုမ္ပဏီလီမိတက်တွင် စခန်းချသည်။ အခြားကုမ္ပဏီက ကျောက်ပြောက်ကျေးရွာအုပ်စု၊ ဝမြောင်ကျေးရွာ မူလတန်း ကျောင်း၌ စခန်းချသည်။ လမ်းအတွက်တောရှင်းရန် ရွာသားများကိုငှားပြီး၊ တနေ့လုပ်ခအဖြစ်(၁,၂၀၀) ကျပ် ပေးသည်။

ရေနံအစမ်းတွင်းများတူးပြီးနောက် (၂၀၀၅) ခုနှစ်၊ မေလတွင် ကုမ္ပဏီများပြန်သွားကြသည်။ ထိုနှစ် စက်တင်ဘာလ တွင် ပြန်လာကြပြီးနောက် အောက်တိုဘာ၊ နိုဝင်ဘာနှင့် ဒီဇင်ဘာလများတွင် နောက်ထပ် အစမ်းတွင်းများကို ရမ်းဗြဲကျွန်းအနှံ့ တူးကြပြန်သည်။ ထိုအစမ်းတွင်းများတွင် ယမ်းဘီလူးများဖြင့် ဖေါက်ခွဲမှုများကြောင့် စပါးခင်းများနှင့် ဥယျာဉ်ခြံမြေ အများအပြား ပျက်စီးသွားခဲ့ သည်။ လယ်ခင်းနှင့် ခြံပိုင်ရှင်များကို လျော်ကြေးပေးမည်ဟု ကုမ္ပဏီများကပြောခဲ့သော်လည်း မနေ့အထိမရရှိခဲ့ချေ။

(၂၀၀၆) ခုနှစ်ဆန်းပိုင်းတွင်၊ အေးရှားဝေါ ကုမ္ပဏီလီမိတက်သည် ဒေသအာဏာပိုင်များနှင့်ပူးပေါင်းပြီး ရေနံတောင်ရွာမှ ဦးမောင်စောအောင်၊ ဦးမောင်ဝေတင်၊ ဦးမောင်လှနှင့် ဦးမောင်လှတင်တို့ပိုင်သော မြေ (၂) ဧကကျော်ကျော်ကို သိမ်းယူခဲ့သည်။ ဤမြေနေရာများသည် အင်္ဂလိပ်အစိုးရလက်ထက်ကတည်းက ရိုးရာနည်း ဖြင့် ရေနံတူးရာနေရာများဖြစ်သည်။ ကုမ္ပဏီသည် တွင်းတူးရာနေရာများအပြင် ရွာသားများပိုင်သော ရိုးရာရေနံတွင်းအများအပြားကိုပါ ဖျက်ဆီးပစ်ခဲ့သဖြင့် ဒေသခံရေနံတောင်ရွာသားများ၏ စီးပွားရေးကို များစွာထိခိုက်ခဲ့ပါသည်။

ထို့ပြင် ကျောက်ဖြူမြို့မှ ဦးဝင်းဇော်လှိုင်ပိုင်သော ရိုးရာရေနံချက်စက်ရုံကိုလည်း ဖျက်ဆီးပစ်ခဲ့သည်။ ဦးစနေအောင်နှင့် ၎င်း၏အလုပ် သမားများအား ပေးမည်ဆိုသော လုပ်အားခ ငွေကျပ် (၁) သန်းကိုလည်း မရရှိခဲ့ချေ။ အေးရှားဝေါကုမ္ပဏီလီမိတက်မှ မြန်မာအလုပ်သမားတစ်ဦးက ဤငွေကို ထုတ်ယူပြီး ထွက်ပြေးသွားခဲ့သည်။ ကုမ္ပဏီက ဤငွေပြန်ရရေးအတွက် အရေးယူ ဆောင်ရွက်ပေးခြင်းလည်း မရှိခဲ့ချေ။ သို့ဖြစ်ရာ ဦးစနေအောင်

အနေနှင့် သူ့အလုပ်သမားများအတွက် ပေးစရာရှိသည်များကို မိမိအိတ်ထဲမှငွေဖြင့် စိုက်ပေးခဲ့ရပြီး သူ့မှာ လုပ်ငန်းအကြီးအကျယ်ထိခိုက်ခဲ့ရသည်။



**ရိုးရာရေနံတွင်းများ**



**ရိုးရာရေနံချက်စက်ရုံ**

တွင်းတူးရာမှ ထွက်လာသော ရွှံ့နွံများကို ချောင်းဝချောင်းထဲသို့ စီးဝင်ညစ်ညမ်းစေခဲ့ကာ ဒေသတွင်းရှိ ငါးမျိုးစိတ်များကို သေကြေပျက်စီးစေခဲ့သည်။ (၂၀၀၇) ခုနှစ်ဆန်းပိုင်း၌ တွင်းတူးရာမှာ အသုံးပြုခဲ့သောပစ္စည်းများ

ပလပ်စတစ် အမှိုက်များကို မီးရှို့ခဲ့ရာ အဆိပ်သင့်စေသော မီးခိုးများထွက်လာခဲ့ပြီး ရေနံတောင်အနီးရှိ ကျေးရွာသားများ၏ ကျန်းမာရေးကို ဆိုးဆိုးရွားရွား ထိခိုက်စေခဲ့သည်။ ထိုဖြစ်ရပ်များကြောင့် ဒေသခံရွာသားများနှင့် အေးရှားဝေါကုမ္ပဏီလီမိတက်တို့ပြဿနာဖြစ်ကြရာ ရွာသားအများအပြားကို ဖမ်းဆီးခဲ့သည်။ (၂၀၀၇) ခုနှစ်၊ ဧပြီ – မေလများတွင် စီမံကိန်း ရပ်ဆိုင်းသွားခဲ့သည်။




**ရခိုင်ပြည်နယ်၊ ကျောက်ဖြူနယ်မြေ၏ လယ်ကွက်တစ်ခုထဲတွင် အေးရှဝေါကုမ္ပဏီလီမိတက်က ရေနံ့တွင်းတူးပြီးနောက် စွန့်ပစ်ထားခဲ့သော အမှိုက်သရိုက်ပစ္စည်းများ**

ယခုအခါ၌ သိမ်းယူထားပြီး လယ်မြေများကို သံဆူးကြိုးဖြင့် ဝင်းခတ်ကာရံထားပြီး ရွာသားများ အနီးအနားသို့မလာ ရောက်နိုင်အောင် နယ်မြေရဲတပ်ဖွဲ့အပါအဝင် အစောင့်တပ် တတပ်ဖြင့် တင်းတင်းကျပ်ကျပ် စောင့်ကြပ်ထားသည်။ [၈၅]




**သံဆူးကြိုးများဖြင့် ကာရံထားသော သိမ်းပိုက်ခံမြေယာ**

[၈၅] Primary field research by AASYC

## ၉။ နိဂုံး

(နအဖ) စစ်အစိုးရ၏ စစ်တပ်များတိုး၍ချထားရေးနှင့် ဦးရေတိုးလာသော စစ်တပ်များအတွက် နေရာထိုင်ခင်း ပေးရန် အတွက်ရော၊ ကျွေးထားရန်အတွက်ပါ မြေယာသိမ်းယူရေးတည်းဟူသော နှစ်ခွပေါ်လစီကို ဆက်လက် ကျင့်သုံးနေမှု ကြောင့် မြန်မာပြည်တပြည်လုံးအနှံ့မှာ ပြဿနာများဖြစ်ပွားခဲ့ပါသည်။ လျော်ကြေးမပေးဘဲ သော်လည်းကောင်း၊ မဖြစ်စလောက်မျှသောလျော်ကြေးပေးလျက်သော်လည်းကောင်း အများပြည်သူတို့ လုပ်ကိုင်စားသောက်စရာ မြေယာများကို လုယူခြင်းကြောင့် အများပြည်သူတို့မှာ ရိက္ခာနှင့် သောက်သုံးရေ ချို့တဲ့ခြင်း၊ သားသမီးများကို ကျောင်းမထားနိုင်တော့ခြင်း၊ အလုပ်လက်မဲ့ဖြစ်ရခြင်းကဲ့သို့သော ဆိုးဆိုးရွားရွား ပြဿနာကြီးများနှင့် ကြုံတွေ့ကြရလေသည်။

ထို့အပြင် အစိုးရ၏ ဆောက်လုပ်ရေးနှင့် ဖွံ့ဖြိုးရေးစီမံကိန်းများတွင် အတင်းအဓမ္မလုပ်အား စေခိုင်းခြင်းပေါ်လစီကို ကျင့်သုံးခြင်းနှင့် တစ်ပါတည်းမှာပင် ဤစီမံကိန်းများကြောင့် သဘာဝပတ်ဝန်းကျင်မှာ ဆိုးဆိုးရွားရွားထိခိုက်ခဲ့ကာ တိုင်းပြည်တဝှမ်းလုံးမှာလည်း ကြီးမားသော ကျန်းမာရေးပြဿနာများ ဖြစ်ပွားခဲ့သည်။ ဤအကြောင်းတရားများ ၏ စုစုပေါင်းအကျိုးဆက်ကား ရေကြည်ရာမြက်နုရာရှာသောအားဖြင့် လူအများအပြား တိုင်းပြည်မှ ထွက်ပြေး သွားကြခြင်းသာ ဖြစ်တော့သည်။

## ၁၀။ အကြံပြုတင်ပြချက်များ

တိုင်းရင်းသား လူမျိုးများဖွံ့ဖြိုးရေးဆိုင်ရာ ဆုံရပ် (Ethnic Community Development Forum – ECDF) ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများဆိုင်ရာ အခြေခံမူ (၃) ရပ်ကို လိုက်နာ ကျင့်သုံးခြင်းမရှိဘဲ မည်သည့်ဖွံ့ဖြိုးရေးလုပ်ငန်း ကိုမျှ မလုပ်သင့်ချေ။

**(၁) အများပြည်သူတို့၏ ပိုင်ဆိုင်မှုများ ဖွံ့ဖြိုးရေး** လူတိုင်းသည် မိမိတို့၏ သဘာဝအရင်းအမြစ်များ၊ ပုဂ္ဂိုလ်ပိုင်ပစ္စည်းနှင့် ယဉ်ကျေးမှုတို့ကို အမှန်တကယ်အားဖြင့်လည်းကောင်း၊ ဥပဒေအရလည်းကောင်း ပိုင်ဆိုင်ခွင့်၊ အသုံးပြုခွင့်၊ စီမံခွင့်နှင့် ထိန်းသိမ်းခွင့် ရှိရမည်။

**(၂) ဖွံ့ဖြိုးရေးလုပ်ငန်းတွင် အများပါဝင်ခွင့်ရှိရေး** – လူတိုင်းသည် မိမိတို့နှင့်သက်ဆိုင်သော ဖွံ့ဖြိုးရေး လုပ်ငန်း (သို့မဟုတ်) စီမံကိန်း တစုံတရာနှင့် ပတ်သက်၍ တက်တက်ကြွကြွ ပါဝင် ဆောင်ရွက်ခွင့် ရှိရမည့်အပြင် ကောင်းစွာပါဝင်နိုင်ခြင်းလည်း ရှိရမည်။ ထို့အပြင် ထိုဖွံ့ဖြိုးရေးလုပ်ငန်းများမှ အကျိုးကျေးဇူးများကို တန်း တူညီမျှခံစားခွင့်လည်းရှိရမည်။ လူထုတရပ်လုံးအား ကြိုတင်အသိပေးထားပြီး ထိုအသိဖြင့် လူထုကြီးက သဘောတူခြင်းဖြစ်ရမည့်အပြင် လူထုကြီး၏ ဘဝနှင့် အသက်မွေးဝမ်းကျောင်းမှုဆိုင်ရာ လုံခြုံမှုကိုလည်း အပြည့် အဝ အာမခံရမည်။

**(၃) ရေရှည်တည်တံ့ဖွံ့ဖြိုးရေး** – ဖွံ့ဖြိုးရေးစီမံကိန်းများသည် အများပြည်သူတို့၏ လတ်တလော လိုအပ်ချက် များ ဖြည့် ဆည်းပေးရေးကို ဦးတည်ဆောင်ရွက်ရမည့်အပြင် အများပြည်သူတို့၏ ယဉ်ကျေးမှုအမွေအနှစ်များကို ပျက်စီးစေခြင်း မရှိရ။ ထို့အပြင် အနာဂတ်မျိုးဆက်များ၏ လိုအပ်ချက်များကိုလည်း ထိခိုက်စေခြင်းမရှိရ။

## (နအဖ) စစ်အစိုးရသို့

- ♦ လျော်ကြေးမပေးဘဲ မြေသိမ်းပိုက်သော ပေါ်လစီကို ချက်ချင်းရပ်ပစ်ရန်။
- ♦ မြေယာနှင့် နေအိမ်ဆုံးရှုံးခဲ့သူများကို ထိုက်သင့်သော လျော်ကြေးများ ပေးဆောင်ရန်။
- ♦ အများပြည်သူတို့အား ပုံစံ (၁၀၅) ဖြင့် မြေယာမှတ်ပုံတင်ရန်လိုအပ်ကြောင်း ပညာပေးခြင်းအားဖြင့် မြေယာနှင့် အိုးအိမ်ပစ္စည်း တရားဝင်ပိုင်ဆိုင်မှုကို ဥပဒေဖြင့် သင့်လျော်စွာ အကာအကွယ်ပေးရန်နှင့် အသိအမှတ်ပြုပေးရန်။
- ♦ နိုင်ငံခြားအစိုးရများ၊ ကုမ္ပဏီများနှင့် ဖွံ့ဖြိုးရေးစီမံကိန်းစာချုပ်များ သဘောတူလက်မှတ် မထိုးမီတွင် သင့်တော်သော ပတ်ဝန်းကျင်ထိခိုက်မှု အကဲဖြတ်ချက်များ (Environment Impact Assessments) လုပ်ရမည်။

## နိုင်ငံခြားသား ရင်းနှီးမြှုပ်နှံသူများသို့

- ♦ လက်ရှိရင်းနှီးမြှုပ်နှံမှုများကို ချက်ချင်း ရုပ်သိမ်းသွားရန်။
- ♦ မြန်မာနိုင်ငံမှာ လူ့အခွင့်အရေးချိုးဖေါက်မှုများအဆုံးသတ်သွားပြီး ဒီမိုကရေစီနည်းကျ ရွေးကောက် တင်မြှောက်ခြင်းခံရသော အစိုးရတက်လာသည့်အချိန်အထိ နောက်ထပ်ရင်းနှီးမြှုပ်နှံမှုများ ဆက် မလုပ်ရန်။

## နိုင်ငံတကာအသိုင်းအဝိုင်းသို့ အစိုးရများအားလုံးသို့

- ♦ မြန်မာနိုင်ငံနှင့် ကုန်သွယ်မှု သို့မဟုတ် မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံမှုကို ပိတ်ပင်သောအားဖြင့် စီးပွားရေးဒဏ်ခတ်မှုများချမှတ်ရန်။ အထူးသဖြင့် (နအဖ) စစ်အစိုးရထံသို့ စစ်လက်နက် ပစ္စည်းများ ရောင်းချခြင်း မပြုရန်။
- ♦ လက်ရှိချမှတ်ထားပြီးဖြစ်သော စီးပွားရေးဒဏ်ခတ်မှုများနှင့်ပတ်သက်၍ ချမှတ်ထားသည့် အတိုင်း ထိထိရောက်ရောက် ဆောင်ရွက်ရန်။
- ♦ ဒီမိုကရေစီသို့ အမှန်တကယ်ရွေ့ရှုသွားအောင် စစ်အစိုးရအား (ဤစီးပွားရေးဒဏ်ခတ်မှုများမရုပ် သိမ်းမချင်း) ဖိအားပေးသွားရန်။

## အာဆီယံသို့

- ♦ ဒီမိုကရေစီနည်းကျရွေးကောက်တင်မြှောက်ထားသော အစိုးရတက်လာပြီး လူ့အခွင့်အရေးချိုးဖေါက် မှုများ အဆုံးသတ် မသွားမချင်း – မြန်မာနိုင်ငံကို အဖွဲ့ဝင်အဖြစ်မှ မနေးအမြန် ထုတ်ပယ်ပစ်ရန်။

## ၁၁၊ အဖွဲ့အစည်းများ၏ နောက်ခံအကြောင်း

### ရခိုင်ပြည်လုံးဆိုင်ရာ ကျောင်းသားနှင့် လူငယ်များ အစည်းအရုံး (AASYC)

AASYC သည် မြန်မာနိုင်ငံအနောက်ပိုင်း၊ ရခိုင်ပြည်မှ ကျောင်းသားနှင့် လူငယ်များကို ကိုယ်စားပြုသည့် သီးခြားလွတ်လပ်သောအဖွဲ့အစည်းတစ်ခုဖြစ်သည်။ (၁၉၉၅) ခုနှစ် အောက်တိုဘာလတွင် ဖွဲ့စည်းခဲ့သည် ဖြစ်သော်လည်း မြန်မာနိုင်ငံမှာ စစ်တပ်အာဏာသိမ်းခဲ့သည့် (၁၉၈၈) ခုနှစ်မှာ စတင် အရင်းခံခဲ့သည်။ ဌာနချုပ်ကို မဲဆောက်မှာ ထားရှိပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ရုံးခွဲထားရှိသည်။ မလေးရှားနိုင်ငံ၊ စင်္ကာပူ၊ တောင်ကိုရီးယား၊ ယူနိုက်တက်ကင်းဒမ်၊ အမေရိကန်ပြည်ထောင်စု၊ ဆွီဒင်နှင့် နယ်သာလန်နိုင်ငံတို့တွင်လည်း ဒေသဆိုင်ရာ အဆက်အသွယ်များရှိသည်။ (၂၀၀၀) ခုနှစ်တွင် ရွှေဓါတ်ငွေ့လှုပ်ရှားမှု (www.shwe.org) ဖြင့် ပွဲဦးထွက် လှုပ်ရှားခဲ့သည်။ ရခိုင်အမျိုးသားကောင်စီ (Arakan National Council-ANC)၊ တိုင်းရင်းသား လူငယ်များဆုံရပ် (Nationalitieas Youth Forum-NYF) ၊ မြန်မာနိုင်ငံ ကျောင်းသားနှင့် လူငယ်များ ကွန်ဂရက် (Students & Youth Congress of Burma - SYCB)၊ တိုင်းရင်းသား လူမျိုးများ လူထုဖွံ့ဖြိုးရေး ဆုံရပ် (Ethnic Community Development Forum - ECDF) ၊ လူ့အခွင့်အရေးမှတ်တမ်းဌာန (မြန်မာနိုင်ငံ) (Network for Human rights Documentation Burma – ND-Burma) နှင့် မြန်မာနိုင်ငံမြစ်များ ဆိုင်ရာ ကွန်ရက်အဖွဲ့ (Burma Rivers Network – BRN) တို့၏ အဖွဲ့ဝင်ဖြစ်သည်။

### ရခိုင်ပြည်လုံးဆိုင်ရာ ကျောင်းသားနှင့် လူငယ်များ အစည်းအရုံး (AASYC) ၏ ဦးတည်ချက်များမှာ

(၁) ရခိုင်ကျောင်းသားနှင့် လူငယ်များ ဗလငါးတန်ဖွံ့ဖြိုးရေး။
(၂) ရခိုင့် ဂေဟစနစ်နှင့် ယဉ်ကျေးမှု၍အမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်ရေး။
(၃) ရခိုင်တစ်မျိုးသားလုံး သွေးစည်းညီညွတ်ရေး။
(၄) နယ်ချဲ့လူမျိုးကြီးဝါဒနှင့် ကိုလိုနီစနစ် တိုက်ဖျက်ရေး။
(၅) အဖိနှိပ်ခံတိုင်းရင်းသားပြည်သူတစ်ရပ်လုံး လွတ်မြောက်ရေး။
(၆) ဒီမိုကရေစီနှင့် လူ့အခွင့်အရေးရရှိရေး။
(၇) ရခိုင်တစ်မျိုးသားလုံး ကိုယ့်ကြမ္မာကိုယ်ဖန်တီးခွင့်နှင့် ကိုယ်ပိုင်ပြဋ္ဌာန်းပိုင်ခွင့်ရရှိရေး။

(AASYC) သည် မြန်မာနိုင်ငံမှာ ဒီမိုကရေစီကျင့်သုံးရေးအမြင်နှင့်ပတ်သက်၍ လူမျိုးစုအဖွဲ့အစည်းအများ အပြား၏ မဲသဝေါထာသဘောတူညီချက်မှာပါဝင် သဘောတူလက်မှတ်ရေးထိုးခဲ့သော အဖွဲ့အစည်းတစ်ခု ဖြစ်သည်။ (AASYC) သည် ဒီမိုကရေစီအဖွဲ့အစည်းများနှင့် မဟာမိတ်ဖွဲ့လျက် မြန်မာစစ်အစိုးရဆန့်ကျင်ရေး အကြမ်းမဖက်ပေါ်လစီကို ကျင့်သုံးသည်။ မြန်မာနိုင်ငံအတွင်းရှိ မိမိ၏သတင်းရပ်ကွက်များကို အားကိုး အားထားပြုလျက် ရခိုင်နှင့် မြန်မာလူမျိုးအသိုင်းအဝိုင်းကိုလည်းကောင်း၊ နိုင်ငံတကာအသိုင်းအဝိုင်းကို လည်း ကောင်း သတင်းအချက်အလက်များပေးရန်နှင့် ပညာပေးရန်အတွက် စာစောင်အများအပြားကို ထုတ်ဝေဖြန့် ချီခဲ့သည်။

## ပအိုဝ်းလူငယ် အစည်းအရုံး (PYO)

ပအိုဝ်းလူငယ်အစည်းအရုံးကို မြန်မာနိုင်ငံဒေသအနှံ့အပြားမှ ပြည်ပသို့ရောက်ရှိလာသော ပအိုဝ်းရဟန်း သံဃာနှင့် ပအိုဝ်းလူငယ်မောင်မယ်များက ၁၉၉၈ ခုနှစ် ဒီဇင်ဘာ (၄) ရက်နေ့တွင် ပြန်လည်ဖွဲ့စည်းခဲ့သည်။ ပအိုဝ်းလူငယ်အဖွဲ့သည် မြန်မာနိုင်ငံကျောင်းသားနှင့်လူငယ်များကွန်ဂရက် (Students & Youth Congress of Burma-SYCB) နှင့် တိုင်းရင်းသားလူငယ်များဆုံရပ် (Nationalitieas Youth Forum-NYF) တို့၏ အဖွဲ့ဝင်လည်း ဖြစ်သည်။

## ပအိုဝ်းလူငယ် အစည်းအရုံး (PYO) ၏ အဓိကရည်မှန်းချက်များမှာ

(၁) ငြိမ်းချမ်းလွတ်လပ်ပြီး တရားမျှတမှု အပြည့်အဝရှိသော လူ့ဘောင်သစ်တစ်ရပ်ကို တည်ဆောက် သွားရန်။

(၂) အနာဂတ်ခေါင်းဆောင်ကောင်းများအတွက် မျိုးဆက်သစ် ပအိုဝ်းလူငယ်များကို ပြုစုပျိုးထောင် သွားရန်။

## ပအိုဝ်းလူငယ်အစည်းအရုံး၏ ရည်ရွယ်ချက်

(၁) ပအိုဝ်းလူမျိုးတို့၏ စာပေနှင့် ယဉ်ကျေးမှုဓလေ့ထုံးစံများကို ထိန်းသိမ်းစောင့်ရှောက်သွားရန်။

(၂) ပအိုဝ်းလူငယ်ထုများအရည်အသွေးနှင့် ဖန်တီးနိုင်မှုစွမ်းအား ပိုမိုမြင့်မားလာစေရန်။

(၃) လူ့အခွင့်အရေးနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာတို့ကို ပအိုဝ်းဒေသအတွင်းရှိ ပြည်သူ တို့ ပိုမိုနားလည်သိရှိလာစေရန်။

(၄) မြန်မာနိုင်ငံတွင် တန်းတူပြီး ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အပြည့်အဝရှိသော ဖက်ဒရယ်ပြည်ထောင်စု ပေါ်ပေါက်လာစေရန်။

## တိုးတက်သောမွန်လူငယ်အစည်းအရုံးနောက်ခံသမိုင်း

**တိုးတက်သော မွန်လူငယ်အစည်းအရုံး** (MYPO) ကို မွန်ပြည်နယ်ရှိ၊ မြို့နယ်အသီးသီးမှ လူငယ်များ နှင့် ၂၀၀၁ ခုနှစ်တွင် ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။ အဖွဲ့၏အဓိကရည်ရွယ်ချက်များမှာ မြန်မာနိုင်ငံ၏ ဒီမိုကရေစီ နှင့် လူ့အခွင့်အရေးတိုက်ပွဲကို အားပေးရေးနှင့် မြန်မာနိုင်ငံ၏ငြိမ်းချမ်းသည့် ဒီမိုကရေစီအသွင်ကူးပြောင်းရေး အတွက် အားကောင်းသော လူထုအခြေပြုအဖွဲ့အစည်း ပေါ်ပေါက်ရေးဖြစ်သည်။

## တိုးတက်သောမွန်လူငယ်အစည်းအရုံး (MYPO)၏ အဓိက ရည်မှန်းချက်များမှာ

(၁) လူငယ်များနှင့် တက်ကြွလှုပ်ရှားသူများ၏ အရည်အသွေးမြှင့်တင်ရေး

(၂) မွန်လူမျိုးတို့၏ အရံနိုင်ငံရေးအင်အားစုအဖြစ် လူငယ်များကို ပြုစုပျိုးထောင်ရေး

(၃) လူထုအခြေပြုအဖွဲ့အစည်းများ၏ ကွန်ယက်များအားကောင်းရေး

(၄) ဒီမိုကရေစီနှင့် လူထုအခြေပြုအဖွဲ့အစည်းဆိုင်ရာ အယူအဆများကို ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ချိရေး။

(၅) မွန်စာပေ၊ယဉ်ကျေးမှုကို ထိန်းသိမ်းမြှင့်တင်ရေး တို့ဖြစ်သည်။

**ဓာတ်ပုံ**

**ရှေ့မျက်နှာဖုံး**
မွန်ပြည်နယ်မှ မိသားစုတစ်စု (MYPO)

**နောက်မျက်နှာဖုံး**
ဟိုပုံးမြို့ မြောက်ဘက် ဂျုံစိုက်ရာမြေယာအား
စစ်တပ်ကသိမ်းယူပြီး ကြက်ဆူပင်များ စိုက်ပျိုးထားပုံ (PYO).

VSO
Sharing skills
Changing lives

Irish Aid
Department of Foreign Affairs
An Roinn Gnóthaí Eachtracha

မြန်မာနိုင်ငံ၏ တစ်ခုတည်းသောဥပဒေသည်ကား
ဗိုလ်ချုပ်များက အာဏာတည်စေဟု
နေ့စဉ်ဆုံးဖြတ်သော ဥပဒေပင် ဖြစ်သည်။




- ✔ လူတိုင်းသည် တစ်ဦးချင်းသော်လည်းကောင်း၊ အများသူငါနှင့် ပေါင်း၍ သော်လည်းကောင်း ဥစ္စာပစ္စည်း ပိုင်ဆိုင်ခွင့် ရှိသည်။
- ✔ မည်သူ၏ ဥစ္စာပစ္စည်းကိုမျှ အနိုင်အထက်ပြု၍ လက်လွှတ်ဆုံးပါးစေခြင်း မပြုရ။